# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ တနင်္လာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၉၃)


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်

နေပြည်တော် ဇူလိုင် ၂၄

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာတပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှ ကင်းကွာ နေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်

စာမျက်နှာ ၇ ကော်လံ ၁ ❑

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ ဖတ်စရာ


စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များသို့ အိမ်ငှားစရိတ် လစဉ်ထောက်ပံ့မှုနှင့်ပတ်သက်၍ ခံစားခွင့်နှုန်းထားများ ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း | စာ - ၄

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) လစဉ်ထောက်ပံ့ခြင်း ကြော်ငြာချက် ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း | စာ - ၅

အိမ်နီးချင်း အီရန်နိုင်ငံမှ လောင်စာဆီ တန် ၃၅၀၀၀၀ အထိ အာဖဂန်နစ္စတန်နိုင်ငံ တင်သွင်းမည် — နိုင်ငံတကာသတင်း | စာ - ၁၃




## သဲကုန်းမြို့နယ်၌ မိုးသည်းထန်မှုကြောင့် ရန်ကုန်-ပြည် မီးရထားလမ်း ရေတိုက်စားမှုဖြစ်ပေါ်ကာ ရထားလမ်းမြေပြိုပျက်စီးနေမှု ပြန်လည်ပြုပြင်

နေပြည်တော် ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ဇူလိုင် ၂၃ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-ပြည် မီးရထားလမ်း မိုင်တိုင် (၁၄၁/၁၅)နှင့် (၁၄၃)ကြား၌ ရေတိုက်စားကာ ရထားလမ်း မြေပြိုပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ❋

## ကမ္ဘာ့အရေးပေါ်အခြေအနေဖြစ်လာသည့် မျောက်ကျောက်ရောဂါကာကွယ်ရေး

ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ကျော်သို့ ပျံ့နှံ့ရောက်ရှိနေပြီး ရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၆၀၀၀ ကျော်လာပြီဖြစ်သည့် မျောက်ကျောက် (Monkeypox) ရောဂါကို ကမ္ဘာ့အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က သတ်မှတ်လိုက်ပြီဖြစ်သည်။ ကမ္ဘာ့တစ်နေရာမှ တစ်နေရာသို့ အလွန်လွယ်ကူလျင်မြန်စွာ နေ့ချင်းသွားလာနိုင်သည့် ယနေ့ခေတ်တွင် ကူးစက်ရောဂါများသည်လည်း အလွန်ဝေးကွာသည့် ကမ္ဘာ့တစ်နေရာမှသည် မိမိအိမ်တံခါးဝရှေ့သို့ အချိန်မရွေးရောက်ရှိလာနိုင်သည်ဟု သတိပြုရမည်ဖြစ်သည်။ မျောက်ကျောက်ကို ကမ္ဘာ့အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ချိန်တွင် ၎င်းရောဂါသည် မိမိတို့အိမ်နီးချင်းနိုင်ငံအချို့နှင့် ဒေသတွင်းနိုင်ငံအချို့တို့တွင် စတင်တွေ့ရှိရသည့် သတင်းများ ထွက်ပေါ်ခဲ့ပြီးဖြစ်သည်။

အာဖရိကအလယ်ပိုင်းနှင့် အနောက်ပိုင်းနိုင်ငံများတွင် ဖြစ်ပွားလေ့ရှိသည့် မျောက်ကျောက်ရောဂါသည် ယမန်နှစ်က ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကူးစက်မှု ၁၂၀၀ ကျော်ရှိခဲ့ပြီး ယခုနှစ် မေလ ၁ ရက်နေ့အထိ ရောဂါကြောင့် သေဆုံးသူ ၅၇ ဦးရှိခဲ့သည်ဟုဆိုသည်။ မျောက်ကျောက်ရောဂါကူးစက်ခံရပါက တစ်ပတ်မှ နှစ်ပတ်အတွင်း ရောဂါလက္ခဏာများပြသကြောင်း၊ ကနဦးရောဂါလက္ခဏာများမှာ တုပ်ကွေးရောဂါများကဲ့သို့ ဖျားနာ၊ ခေါင်းကိုက်၊ ကြွက်သားများ နာကျင်ကိုက်ခဲ၊ ခါးနာ၊ အကျိတ်ရောင်၊ ချမ်းတုန်၊ မောပန်း လက္ခဏာများ ဖြစ်ပေါ်ကြောင်း၊ နောက် အဖျားဆက်ရှိနေကာ အင်ပြင်၊ အဖုအပိမ့်များ မျက်နှာတွင် စပေါ်လာပြီးမှ အခြားခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ဆက်လက်ကူးစက်သွားကြောင်း၊ အဖုအပိမ့်များသည် ပြည်ဖုများအဖြစ်သို့ ပြောင်းသွားပြီး ပြည်ဖုများ ခြောက်သွားသည့်အခါ အနာဖေးများ တက်လာကြောင်း၊ ရောဂါဖြစ်ပွားမှုကို နှစ်ပတ်မှ လေးပတ်ခန့်အထိ ခံစားရကြောင်း သိရသည်။

မျောက်ကျောက်ရောဂါသည် ကိုင်တွယ်ထိတွေ့မှုမှ လည်းကောင်း၊ အသက်ရှူလမ်းကြောင်းမှလည်းကောင်း ကူးစက်နိုင်သည့် ရောဂါဖြစ်သည်။ ရောဂါရှိနေသည့် တိရစ္ဆာန် သို့မဟုတ် လူတို့ အသုံးပြုထားသည့် နေရာ၊ အသုံးအဆောင် ပစ္စည်းများကို ကိုင်တွယ်ထိတွေ့မိခြင်း၊ ရောဂါကူးစက်ခံထားရသည့် တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ ကိုင်တွယ်ထိတွေ့ခြင်းတို့မှ ကူးစက်နိုင်သည်။ သို့ဖြစ်ရာ ရောဂါကူးစက်ခံထားရသည်ဟု သံသယဖြစ်ဖွယ် တိရစ္ဆာန်သို့မဟုတ် လူတို့ကို သီးခြားခွဲထားရန် လိုအပ်သည်။ ထို့အပြင်တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ကြရန်၊ ရောဂါပိုးရှိသည့် လူ သို့မဟုတ် တိရစ္ဆာန်တို့ကို ကိုင်တွယ်ထိတွေ့ပြီးပါက လက်ကိုရေနှင့် ဆပ်ပြာတို့ဖြင့်စင်ကြယ်စွာ ဆေးကြောရန် အကြံပြုထားသည်။ မျောက်ကျောက်ရောဂါကူးစက်ခံထားရသူ နှာချေ၊ ချောင်းဆိုးရာမှ ထွက်ပေါ်လာသည့် အမှုန် အမွှားများနှင့် ဗိုင်းရပ်စ်ပိုးများသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်ခြင်းကြောင့် တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာ နေထိုင်ခြင်း၊ ပါးစပ်နှာခေါင်းစည်း(Mask) များ တပ်ဆင်ခြင်းတို့ဖြင့် ကာကွယ်နိုင်မည်ဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ကူးစက်ရောဂါသည် ဗီဇပြောင်း မျိုးကွဲသစ်များအဖြစ်နှင့် ဆက်လက်ကူးစက် ပြန့်ပွားနေချိန်ဖြစ်ပြီး မျောက်ကျောက်ရောဂါကပါ နောက်ထပ်ကမ္ဘာ့အရေးပေါ် အခြေအနေ ရောက်ရှိလာခဲ့ခြင်းဖြစ်ရာ လူတိုင်းကူးစက်ရောဂါများမှ ရှောင်ရှားနိုင်ရေး သတိပြုနေထိုင်သွားလာကြရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများကို ဆက်လက်ကျင့်သုံး နေထိုင်ခြင်းဖြင့် မျောက်ကျောက်ရောဂါကိုပါ ကာကွယ်နိုင်မည်ဖြစ်ရာ အပြင်ထွက်တိုင်း ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ခြင်း၊ လူစုလူဝေးရှောင်ရှားခြင်း၊ ခပ်ခွာခွာနေထိုင်ခြင်း၊ မကြာမကြာ လက်ကို ဆပ်ပြာဖြင့် ဆေးကြောခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုစိုက်နေထိုင်ခြင်းဖြင့် ကူးစက်ရောဂါများမှ ရှောင်ရှားနိုင်ကြပါစေကြောင်း။ ॥

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၄**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် တနိုင်းမြို့ရှိ ထေရဝါဒတောင်တန်းသာသနာပြု ဗဟိုမြို့မကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ ပင်မဗုဒ္ဓဝါဒီ စာသင်တိုက်၊ မော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာရှိ သာသနာ့ဟိတကာရီ မြဝတီသတ်သတ်လွတ် တောရကျောင်းတိုက်၊ ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ မင်္ဂလာကံဆွယ်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ ဒိုင်ကြီးဘုန်းတော်ကြီးကျောင်း၊ ကျောက်ကြီးတောင်ဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့နယ်ရှိ ဝါးခုတ်ချောင်း ဘုန်းတော်ကြီးကျောင်းနှင့် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ ရှောက်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်း မိသားစုများ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ မြို့ဦးတိုက်သစ်သံလမ်း ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိအောင်မြေရတနာ ကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ဥဿာပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ပြည်သဒ္ဓမ္မဇောတိကာရုံ ကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်သို့ လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဟံသာဝတီ ပရိယတ္တိ စာသင်တိုက်သို့ လည်းကောင်း တာဝန်ရှိသူများ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

## သာစည်မြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာကြည့်တိုက်များသို့ စာအုပ်များပေးအပ်လှူဒါန်း

**သာစည် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာကြည့်တိုက်များသို့ စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

စာအုပ်လှူဒါန်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးစံဝင်းက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း အသင်းဝင် စာကြည့်တိုက် ၁၃ တိုက်၊ အကျဉ်းဦးစီးဌာန စာကြည့်တိုက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်(ပြန်/ဆက်ရုံး) နှင့် ရွေ့လျားစာကြည့်တိုက် တစ်တိုက် စုစုပေါင်း စာကြည့်တိုက် ၁၇ တိုက်တို့ကို စာကြည့်တိုက်တစ်တိုက်လျှင် သုတ၊ ရသ၊ ရုပ်ပြစာအုပ်များနှင့် ပုံပြင်စာအုပ်များ အပါအဝင် တန်ဖိုးငွေကျပ် ၇၅၀၀၀ ရှိ စာအုပ်ရေ ၃၀ စီကို လှူဒါန်းသည်။

၀၄၂

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

# အပြည်ပြည်ဆိုင်ရာတရားရုံး ဆုံးဖြတ်ချက် ဖတ်ကြားပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၄

မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် (Agent) ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အလှည့်ကျကိုယ်စားလှယ် (Alternate Agent) ဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ပူးတွဲခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်သည့် တရားရုံးဆုံးဖြတ်ချက်ကြားနာပွဲသို့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး၌ ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် တရားစွဲဆိုခဲ့သည်။

အဆိုပါ တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံက တင်သွင်းခဲ့သည့် ကနဦးကန့်ကွက်လွှာ (Preliminary Objections) အပေါ် တရားရုံးဆုံးဖြတ်ချက် ဖတ်ကြားပွဲကို အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါ တရားရုံးဆုံးဖြတ်ချက် ဖတ်ကြားပွဲသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ ဒေသစံတော်ချိန် ၂၀၅၀ နာရီတွင် အမ်စတာဒမ်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့၊ မြန်မာစံတော်ချိန် ၂၁၀၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ချောမောစွာ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက် (GDP) အပေါ် ပထမ(၃)လပတ်(ဧပြီလမှဇွန်လအထိ) အကောင်အထည်ဖော်နိုင်မှု အခြေအနေအား ရှင်းလင်းဆွေးနွေးပွဲကျင်းပ

မုံရွာ ဇူလိုင် ၂၄



စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် (GDP) အပေါ် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လအထိ) အကောင်အထည်ဖော်နိုင်မှု အခြေအနေအား ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး ဌာနဆိုင်ရာများ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ ဥက္ကဋ္ဌတို့က Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)၊ ဒေသန္တရစီမံကိန်းအပေါ် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လအထိ) အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေကို ရှင်းလင်းဆွေးနွေးရခြင်း ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုကို သုံးသပ်ပါက လျာထားချက်အပေါ် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်သကဲ့သို့ လျာထားချက်အတိုင်း အပြည့်အဝ အကောင်အထည် ဖော်နိုင်ရန် လိုအပ်မှုများလည်း တွေ့ရှိရကြောင်း။

စစ်ကိုင်း တိုင်းဒေသကြီး၏ GDP ဒေသန္တရစီမံကိန်း လျာထားချက်ဖြစ်သည့် စီးပွားရေးတိုးတက်မှုနှုန်း (၄ ဒသမ ၂) ရာခိုင်နှုန်းကို ယခုဘဏ္ဍာရေးနှစ်ကုန်တွင် ရရှိနိုင်အောင် ကဏ္ဍအလိုက်၊ ဒေသအလိုက် သက်ဆိုင်သည့်ဌာနများ၊ အဖွဲ့များအားလုံးက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက် သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံကိန်းဦးစီးဌာနရုံးမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် ပထမသုံးလပတ် (ဧပြီလမှ ဇွန်လအထိ) အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက မိမိတို့ခရိုင်များအလိုက် ဒေသန္တရစီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်စီမံ အုပ်ချုပ်ရေးမှူးများ၏ ဆွေးနွေး တင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဟားခါးခရိုင် လေးမျက်နှာမြို့နယ်တွင် ငါးသယံဇာတ ထိန်းသိမ်းရေး အသိပညာပေးဆွေးနွေး

ဟားခါး ဇူလိုင် ၂၄

ဟားခါးခရိုင် လေးမျက်နှာမြို့နယ် ကတက်ကုန်းကျေးရွာအုပ်စုတွင် ကျင်းပသည့် သယံဇာတထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဟားခါးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးပိုင်က ငါးလုပ်ငန်းဦးစီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးက မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာသည့် ရေလုပ်သားများက အခွန်ထမ်းအင်းသူကြီးများနှင့် ဒေသခံရေလုပ်သားများ အငြင်းပွားသည့် ငါးဖမ်းဆီးခြင်းကာလနှင့် အင်းများအတွင်း ငါးမျိုးများ ထည့်သွင်းမွေးမြူခြင်းသည် ဒေသခံရေလုပ်သားများ၏ အလုပ်အကိုင်အခွင့်လမ်းများ ဆုံးရှုံးနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးက ငါးဖမ်းဆီးခြင်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းနည်းဥပဒေတွင် (ငါးရစ်၊ ငါးသန် ကာလ)၊ (အခွန်ထမ်းအင်းသူကြီးများ ငါးဖမ်းကာလ) နှင့် (ရေပေါ်ရေလျှံကာလ) သတ်မှတ်ပါရှိပြီးဖြစ်သည့်အတွက် ဒေသခံရေလုပ်သား၏ အလုပ်အကိုင်အခွင့်လမ်းဆုံးရှုံးမှု မရှိနိုင်ကြောင်းနှင့် အင်းများတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းနှင့် အပူရှိန်လွန်ကဲခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများနှင့် လူတို့၏ ဆောင်ရွက်မှုဖြစ်သည့် (တားမြစ်ထားသော ငါးဖမ်းရာသီ၊ တားမြစ် ထားသော ငါးဖမ်းကိရိယာနှင့် ငါးအမျိုးအစား၊ ငါးအရွယ်အစား) တို့ကို ဖမ်းဆီးခြင်းတို့ကြောင့် ငါးထွက်ရှိမှု လျော့နည်းလာသည့်အတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သဘာဝရေသယံဇာတကို အကျိုးရှိအောင် အသုံးပြုနိုင်ရေး၊ သဘာဝရေပြင်များတွင် ငါးမျိုးများ ပြန်လည် တည်တံ့နိုင်ရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေရေးအတွက် သဘာဝ ရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် အင်းများတွင် ငါးထည့်သွင်းမွေးမြူနိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဆွေးနွေးသည်။

လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးက ရေပေါ်ရေလျှံကာလတွင် အခွန်လွတ်ကိရိယာ ၁၆ မျိုးဖြင့် ငါးဖမ်းဆီးခြင်းခွင့်ပြုကြောင်း ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များသို့ အိမ်ငှားစရိတ် လစဉ်ထောက်ပံ့မှုနှင့်ပတ်သက်၍ ခံစားခွင့်နှင့် နှုန်းထားများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ ဇူလိုင် ၂၂ ရက်တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ စီးပွားရေးရာကော်မတီအစည်းအဝေး (၆/၂၀၂၂)၏ အစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) များအား အိမ်ငှားစရိတ်ထောက်ပံ့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များသို့ အိမ်ငှားစရိတ် လစဉ်ထောက်ပံ့မှုနှင့် ပတ်သက်၍ ခံစားခွင့်နှင့် နှုန်းထားများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်၊ ၆၆/ ၂၀၂၂ ဖြင့် ယနေ့တွင် ထုတ်ပြန်လိုက်သည်။

အဆိုပါကြော်ငြာစာ အပြည့်အစုံမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၆၆/ ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

**အကြောင်းအရာ။ နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) များသို့ အိမ်ငှားစရိတ် လစဉ်ထောက်ပံ့ခြင်း**

၁။ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) များအနက် အစိုးရ၏ ဝန်ထမ်းအိမ်ရာ၌ အခမဲ့ နေထိုင်သော ဝန်ထမ်းများမှအပ ကျန်နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) များအတွက် အိမ်ငှားစရိတ်ခံစားခွင့် အား နောက်ဆက်တွဲ (က) ပါ နှုန်းထားများအတိုင်း ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ခံစားခွင့် ပြုလိုက်သည်။

၂။ အိမ်ငှားစရိတ်ထောက်ပံ့ကြေးရရှိမည့် ဝန်ထမ်းများအနေဖြင့် အိမ်ငှားစရိတ် ထုတ်ယူနိုင်ရန်အတွက် နောက်ဆက်တွဲ (ခ) ပါ ငွေတောင်းခံလွှာတွင် ဖြည့်သွင်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ တင်ပြတောင်းခံရန်ဖြစ်ပြီး အိမ်ငှားစရိတ် ထောက်ပံ့ကြေးအား လိမ်လည် ထုတ်ယူခြင်းမပြုရန်နှင့် လိမ်လည်ထုတ်ယူကြောင်း စစ်ဆေးတွေ့ရှိရပါက အိမ်ငှားစရိတ်ထုတ်ယူသူနှင့် ထုတ်ပေးသူ တာဝန်ခံအရာရှိတို့သည် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်သည့်အပြင် ထုတ်ယူသူသည် ထုတ်ယူငွေ၏ သုံးဆကိုလည်း ပြန်လည် ပေးလျော်ရမည် ဖြစ်ပါသည်။

၃။ ပြည်ပတွင် နှစ်ရှည်ပညာသင်ကြားနေသည့် လူပျို/အပျို နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) များနှင့် ပြည်ပတွင် နှစ်ရှည်တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) များအား ပြည်တွင်း၌ အိမ်ငှားစရိတ် ခံစားခွင့် မပြုကြောင်း ဖော်ပြအပ်ပါသည်။

( ဝင်းရှိန် )
ပြည်ထောင်စုဝန်ကြီး

နောက်ဆက်တွဲ(က)

**အိမ်ငှားစရိတ်ခံစားခွင့်နှင့်နှုန်းထား**

| အမျိုးအစား | အသေးစိတ်ဖော်ပြချက် | နှုန်းထား (မူရင်းလစာ၏) |
|---|---|---|
| **လင်မယား ၂ ဦးအနက် တစ်ဦးမှာ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)** | | |
| ၁။ | အခမဲ့ ဝန်ထမ်းအိမ်ရာကို မရလျှင် | ၈% |
| **လင်မယား ၂ ဦးလုံး နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)** | | |
| ၂။ | နိုင်ငံ့ဝန်ထမ်း (၂) ဦးလုံး နေရာဌာနတစ်ခုတည်းတွင် တာဝန်ကျပြီး အတူတူနေထိုင်လျက်ရှိသော်လည်း မည်သူမှ အခမဲ့ ဝန်ထမ်းအိမ်ရာကို မရလျှင် သို့မဟုတ် နေရာဌာနမတူသော်လည်း အတူတူနေထိုင်ပြီး မည်သူမှ အခမဲ့ ဝန်ထမ်းအိမ်ရာကို မရလျှင် | တစ်ဦးအတွက်သာ ၈% (လစာများသူ၏ မူရင်းလစာအပေါ်တွင် တွက်ချက်ရန်) |
| ၃။ | မလွှဲမရှောင်သာသော တာဝန်ဝတ္တရားများကြောင့် တစ်ဦးနှင့် တစ်ဦးခွဲနေရပြီး မည်သူမှ အခမဲ့ ဝန်ထမ်းအိမ်ရာကို မရလျှင် | တစ်ဦးလျှင် ၈% |
| ၄။ | မလွှဲမရှောင်သာသော တာဝန်ဝတ္တရားများကြောင့် တစ်ဦးနှင့်တစ်ဦးခွဲနေရပြီး တစ်ဦးသာ အခမဲ့ ဝန်ထမ်းအိမ်ရာကို ရလျှင် | အခမဲ့ဝန်ထမ်းအိမ်ရာ မရသူအတွက် ၈% |
| **မုဆိုးမ/မုဆိုးဖို သို့မဟုတ် လင်မယား ကွာရှင်းပြီးသူ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)** | | |
| ၅။ | မုဆိုးမ/မုဆိုးဖို သို့မဟုတ် လင်မယားကွာရှင်းပြီးသူ နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် တရားဥပဒေအရ ကလေးများကို အုပ်ထိန်းခွင့်ရှိသူဖြစ်လျက် ကလေးများကို ငွေကြေးထောက်ပံ့နေသူဖြစ်ပြီး အခမဲ့ ဝန်ထမ်းအိမ်ရာကို မရလျှင် | ၈% |
| ၆။ | မုဆိုးမ/မုဆိုးဖို သို့မဟုတ် လင်မယား ကွာရှင်းပြီး ကလေးမရှိသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အခမဲ့ ဝန်ထမ်းအိမ်ရာကို မရလျှင် | ၄% |
| **လူပျို/အပျို နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)** | | |
| ၇။ | အခမဲ့ ဝန်ထမ်းအိမ်ရာကို မရလျှင် | ၄% |
| **ပြည်ပတွင် နှစ်ရှည်ပညာသင်ကြားနေသည့် အိမ်ထောင်သည် နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)** | | |
| ၈။ | ဝန်ထမ်း၏အတူနေမိသားစုအား ပြည်တွင်း၌ ထားရှိခဲ့ပြီး အခမဲ့ ဝန်ထမ်းအိမ်ရာကို မရလျှင် | ၄% |

**နောက်ဆက်တွဲ(ခ)**

**အိမ်ငှားစရိတ်အတွက် ငွေတောင်းခံလွှာ**

၁။ (က) မူရင်းလစာ---------------------------- ရရှိသော (ခ) --------------------- ဌာန၊ အဖွဲ့အစည်း (ဂ) ရာထူး -------------------------- (ဃ) အမည် ---------------- ၏ ---------------- ခုနှစ်၊ ---------------- လအတွက် တောင်းခံလွှာ

၂။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ------------------ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ်၊ ------------------------------

| အသေးစိတ် အကြောင်းအရာ | တောင်းခံသည့် ကာလအပိုင်းအခြား | ငွေပေါင်း |
|---|---|---|
| | | |

၃။ တောင်းခံသူနှင့် ပတ်သက်သည့် အကြောင်းအရာ အသေးစိတ်ဖော်ပြချက် “ (အောက်ပါ အကြောင်းအရာများအနက် မသက်ဆိုင်သည့် အကြောင်းအရာများကို ပယ်ဖျက်၍ လက်မှတ်တို ရေးထိုးပါ)”

(က) ကျွန်တော်/ကျွန်မသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ----------------အမိန့်၏ နောက်ဆက်တွဲ (က) ပါ အမျိုးအစား ၁/၂/၃/၄/၅/၆/၇/၈ နှင့် အကျုံးဝင်ပါ သဖြင့် အိမ်ငှားစရိတ် မူရင်းလစာ၏ ၈ ရာခိုင်နှုန်း/ ၄ ရာခိုင်နှုန်းကို ရခွင့်ရှိပါသည်။

မှတ်ချက်။ ။ ဤနေရာတွင် အကျုံးဝင်သည့် အမျိုးအစားကို အသေးစိတ် ဖော်ပြရမည်။ ဥပမာ အမျိုးအစား (၁) နှင့် အကျုံးဝင်လျှင် အောက်ပါအတိုင်း ဖော်ပြရမည်။

“ကျွန်တော်/ ကျွန်မသည် အစိုးရ၏ ဝန်ထမ်းအိမ်ရာတွင် အခမဲ့နေထိုင်ခွင့်မရသည့် အိမ်ထောင်သည် နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) ဖြစ်ပါသည်။” (အိမ်ထောင်ဘက်မှာ နိုင်ငံ့ဝန်ထမ်း မဟုတ်သူ ဖြစ်ပါသည်)

၂

၄။ အထက်ပါ တောင်းခံချက်အတိုင်း မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။ လိမ်ညာ တောင်းခံပါက ထုတ်ယူငွေ၏ ၃ ဆ ပေးလျော်ရမည်ကို သိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

----------------
တောင်းခံသူ၏ ထိုးမြဲလက်မှတ်

တည်ရာဌာန ---------------------------------
ရက်စွဲ ---------------------------------

ကျွန်ုပ်ယုံကြည်သိရှိသမျှတွင် အထက်ပါတောင်းခံချက်မှာ မှန်ကန်ပြီး တောင်းခံသူသည် သတ်မှတ်ချက်နှင့်အညီ အိမ်ငှားစရိတ်ခံစားခွင့်ရှိသူဖြစ်ကြောင်း လက်မှတ်ရေးထိုးပါသည်။

------------
စီမံရေးရာဌာနညွှန်ကြားရေးမှူး
(တာဝန်ခံအရာရှိ)

တည်ရာဌာန ---------------------------------
ရက်စွဲ ---------------------------------

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အစိုးရဝန်ထမ်းများအား ခေတ်နှင့်အညီ ချီးမြှင့်ငွေ၊ ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ယခုအိမ်ငှားစရိတ် ထောက်ပံ့ခြင်းအပါအဝင် ချီးမြှင့်ထောက်ပံ့မှု (၂၇) ခု ပြုလုပ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) လစဉ်ထောက်ပံ့ခြင်း ကြော်ငြာချက်ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ ဇူလိုင် ၂၂ ရက်တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ စီးပွားရေးရာကော်မတီအစည်းအဝေး (၆/၂၀၂၂)၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) လစဉ် ထောက်ပံ့ခြင်းအား အတည်ပြုခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့် တာဝန်စရိတ် (Hardship and Risk Allowance) လစဉ်ထောက်ပံ့ခြင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်၊ ၆၇/ ၂၀၂၂ ဖြင့် ယနေ့တွင် ထုတ်ပြန်လိုက်သည်။

အဆိုပါကြော်ငြာစာ အပြည့်အစုံမှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၆၇ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

**အကြောင်းအရာ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) လစဉ်ထောက်ပံ့ခြင်း**

ပြည်သူတို့၏လုံခြုံရေးနှင့်အသက်အိုးအိမ်စည်းစိမ်ကို သက်စွန့်ကြိုးပမ်းကာကွယ်စောင့်ရှောက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လက်ရှိလစာအပြင် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) အား တစ်ဦးလျှင် တစ်လကျပ် ၁၀,၀၀၀/- နှုန်းဖြင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ ခံစားခွင့်ပြုလိုက်သည်။

( ဝင်းရှိန် )
ပြည်ထောင်စုဝန်ကြီး

❄ *ရှေ့ဖုံးမှ*

အဆိုပါ ရထားလမ်း မြေပြိုပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အင်းမတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာ့မီးရထား ဝန်ထမ်းများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပြအင်ဂျင်နီယာအဖွဲ့များနှင့် ဒေသခံပြည်သူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ အမှတ် (၈) အထည်စက်ရုံခွဲ (ရမည်းသင်း) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာများနှင့် စက်ရုံမှူးတို့က စက်ရုံလည်ပတ်အကောင်အထည်ဖော်မှု၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမှာစာပေးပို့ထားမှုအရ ဆောင်ရွက်ပေးနေမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးတိုးတက်ကောင်းမွန်စေရေးအတွက် ကုန်ထုတ်လုပ်မှုအဆင့်တိုင်း၌ အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထားကြပ်မတ်ဆောင်ရွက်ရန်၊ စက်ရုံအနေဖြင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်နေခြင်းဖြစ်၍ အောင်မြင်အောင်ကြိုးစားဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် ကျွမ်းကျင်တတ်မြောက်ထားသည့် ပညာရပ်များ တိုးတက်မြင့်မားလာစေရေးအတွက် အစဉ်အမြဲ ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် အမှတ် (၈) အထည်စက်ရုံ (ပျော်ဘွယ်) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူတို့က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံများအနေဖြင့် စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းကို ပေါင်းစပ်ဆောင်ရွက်နေရခြင်းဖြစ်၍ စနစ်တကျလေ့လာပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန်၊ တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းသက်သာရေးနှင့် အရည်အသွေးမီ ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ရုံများအနေဖြင့် လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ရာတွင် Business Plan များ ရေးဆွဲဆောင်ရွက်ရန်၊ နိုင်ငံအတွင်း၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျှင် သွင်းကုန်အစားထိုးနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲရမှု သက်သာသဖြင့် အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရန်၊ စက်ရုံရေရှည်ရပ်တည်လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားပြီး ချည်များထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ချည်မျှင်ခေတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့တော်ဝန် ရေပေးဝေရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် လမ်းများ ကောင်းမွန်ရေး ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာရှိ လှော်ကားရေဝေရေလဲဒေသသို့ရောက်ရှိပြီး သစ်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ထပ်မံစိုက်ပျိုးရန်နေရာများ ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် လှော်ကားရေလှောင်ကန်သို့ သွားရောက်၍ ရေတွန်းစက်များ၊ ရေလှောင်ကန်နှင့် ရေစစ်ကန်များကို ကြည့်ရှုစစ်ဆေးပြီး လှော်ကားရေလှောင်ကန် အစည်းအဝေးခန်းမ၌ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းမိသားစုများ ဖူဆယ်ဘောလုံး ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

လှော်ကား ရေလှောင်ကန်သည် မြေသားတမံ အမျိုးအစားဖြစ်ပြီး ၁၉၀၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၀၄ ခုနှစ်တွင် ပြီးစီး၍ ရန်ကုန်မြို့သို့ ရေပေးဝေရေး ဆောင်ရွက်ခဲ့ကြောင်း၊ လှော်ကားရေလှောင်ကန်အတွင်း ရေဂါလန်သန်း ၁၂,၀၀၀ သိုလှောင်နိုင်ကြောင်း၊ လှော်ကားရေလှောင်ကန်အတွင်းသို့ ၁၉၈၉ ခုနှစ်မှစ၍ ဖူးကြီးကန်မှလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှစ၍ အောင်တံခွန်ရေတွန်းစက်မှ လည်းကောင်း ရေအားဖြည့်တင်းခဲ့ရာ ယခုအခါ လှော်ကား သဘာဝဥယျာဉ်အတွင်းရှိ ဇုက္ကနုတ်ကန်မှ လှော်ကားကန်အတွင်းသို့ လည်းကောင်း၊ မှော်ဘီမြို့နယ် ကန်ကလေးလှိုင်မြစ် မြစ်ရေတင် စီမံကိန်းမှ ဖူးကြီးပိုက်လိုင်းသို့ လည်းကောင်း ရေအားထပ်မံဖြည့်တင်း နိုင်ခဲ့ခြင်းကြောင့် တစ်နေ့လျှင် ရေဂါလန် သန်း ၉၀ ရေပေးဝေလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) တပ်မတော်ဆေးရုံကြီးနှင့် တပ်မတော်ဆေးတက္ကသိုလ်အကြားရှိ မင်္ဂလာကန်သို့ သွားရောက်၍ မင်္ဂလာကန်ပန်းခြံအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရာသီပန်းများနှင့် ရောင်စုံပန်းများထပ်မံဖြည့်သွင်း၍ မြေယာရှုခင်းပြုပြင်ရန်နှင့် ရေသိုလှောင်ထားနိုင်သည့် ပမာဏအထိ ကန်ရေကို ထိန်းသိမ်းထားနိုင်ရေး ရေတံခါး အဖွင့်/အပိတ် လိုအပ်သလို ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့် အဖွဲ့သည် လှိုင်မြို့နယ် (၁၂) ရပ်ကွက် ပါရမီလမ်း တောင်ဘက်အခြမ်း မင်းဓမ္မလမ်းဆုံသို့ရောက်ရှိပြီး မင်းဓမ္မလမ်းနှင့် သမိုင်းကောလိပ်လမ်းအကြား အုတ်ရေမြောင်းကို မြောင်းဖုံး Slab ခင်းပြီး ရှစ်ပေအကျယ် စက်ဘီးလမ်း ပြုလုပ်နေမှု၊ စက်ဘီးလမ်းနှင့် လူသွားစင်္ကြံအကြား ၁၂ ပေ အကျယ် မြေနေရာကို မြေယာရှုခင်း ဆောင်ရွက်ရန် မြေညှိပြုပြင်နေမှု၊ မင်းဓမ္မလမ်းမှ အင်းစိန်လမ်းအထိ မြေယာရှုခင်း ပါဝင်သည့် စက်ဘီးလမ်းနှင့် လူသွားစင်္ကြံများ ခင်းကျင်းရန် မြေပြုပြင်နေမှု၊ သမိုင်းကောလိပ်လမ်းနှင့် အသုံးချဘူမိဗေဒဌာနအကြား မြေယာရှုခင်း ပါဝင်သည့် လူသွားစင်္ကြံစက်ဘီးလမ်း ပြုလုပ်နေမှု၊ အသုံးချဘူမိဗေဒဌာနနှင့် ပါရမီလမ်းဆုံအကြား မြောင်းဖုံး Slab ပေါ်တွင် လူသွားစင်္ကြံ စက်ဘီးလမ်း ဆက်လက်ဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရွှေညောင်-ထီရီး(မွေးမြူရေးဇုန်)-လင်ကွင်း-ညိုမီး-လေးမိုင်ကွေ့လမ်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး



တောင်ကြီး ဇူလိုင် ၂၄

ရွှေညောင်-ထီရီး(မွေးမြူရေးဇုန်)-လင်ကွင်း-ညိုမီး-လေးမိုင်ကွေ့လမ်း တည်ဆောက်နေမှုကို ဇူလိုင် ၂၃ ရက် နံနက်က ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**ဖြည့်စွက်မှာကြား**

အဆိုပါ တောင်ကြီးမြို့ရှောင်လမ်း တည်ဆောက်နေမှုကို ရှင်းလင်းဆောင်ခန်းမ၌ လမ်းဦးစီးဌာန အမှတ်(၂) လမ်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ထွန်းက မုခ်ဦးအဝင်ဆိုင်းဘုတ်၊ အဝိုင်းပတ်တည်ဆောက်ထားမှုနှင့်ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းတည်ဆောက်နေမှုကို ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။(ဝဲပုံ)

**မောင်မောင်သန်း (တောင်ကြီး)**

❑ *ရှေ့ဖုံးမှ*

ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့်ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးတို့သို့ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မချမ်းဘော့မြို့နယ်၌ စပါးစိုက်ခင်းအတွင်း မြေသြဇာအချိုးကျကြဲပက်

ပူတာအို ဇူလိုင် ၂၄

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်တွင် တောင်သူများ မြေသြဇာကုန်ကျစရိတ်သက်သာ စေရန်နှင့် စိုက်ပျိုးပြီး စိုက်ပင်များ ၁၆ ရက်သားတွင် မြေသြဇာကျွေးပေးခြင်းအားဖြင့် အပင်ပွားများများထွက်ရှိလာပြီး အထွက်နှုန်းတိုးတက်လာစေရန်အတွက် မိုးစပါး ဆင်းဧကရီ-၃ အထွက်တိုးစိုက်ခင်းအတွင်း ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ (၁ အချိုး ၃) အချိုးကျရောစပ်ထားသော မြေသြဇာများ တောင်သူပညာပေးအနေဖြင့် ကြဲပက်ခြင်းကို ယမန်နေ့ နံနက်က နမ်ခမ်ကျေးရွာ တောင်သူ ဦးခေါင်လန်ရောဘတ်ဆန်းနှင့် ဦးခေါင်လန်ဒဂုဏ်တို့၏ လယ်မြေငါးဧက၌ ကျင်းပသည်။**(အောက်ပုံ)**

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေးက ဒေသဝမ်းစာဖူလုံရေးနှင့် ပူတာအိုလွင်ပြင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆင်းဧကရီ-၃ မျိုးပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ်ပြောင်းလဲခြင်းနှင့် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာအချိုးကျ ရောစပ်သုံးစွဲခြင်းအားဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်လာပြီး တောင်သူဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဦးအောင်မိုးနှင့် မချမ်းဘော့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လွင်တို့က သဘာဝမြေသြဇာပြု လုပ်နည်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျပေါင်းစပ်သုံးစွဲနည်းတို့ကို တောင်သူများအား လက်တွေ့ရှင်းလင်းပြသပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်ထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများက စိုက်ခင်းအတွင်း မြေသြဇာများ စနစ်တကျကြဲပက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

မချမ်းဘော့မြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် အထွက်တိုး ဆင်းဧကရီ-၃ မျိုးစပါးပြောင်းလဲစိုက်ပျိုးခြင်းနှင့် စိုက်နည်းစနစ်ပြောင်းလဲခြင်းတို့ကို မြို့ပေါ်ရပ်ကွက်နှစ်ရပ်ကွက်၊ ကျေးရွာအုပ်စုငါးအုပ်စုနှင့် တောင်သူပေါင်း ၁၈၀ တို့က စိုက်ဧက ၂၀၀ ကို ယခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**




“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။


၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက် သေတ္တာအမှတ်(၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# ကျိုင်းတုံမြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်




နေပြည်တော် ဇူလိုင် ၂၄

ဇူလိုင် ၂၄ ရက် မြန်မာစံတော်ချိန် ၁၉ နာရီ၊ ၄၁ မိနစ်၊ ၁၄ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၁၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ကျိုင်းတုံမြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၇ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၈၇ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ် ရှိသော မြေငလျင် လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁- ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများကို လေ့လာ

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၁၉-၂၀၂၀ ပညာသင် နှစ် နှင့် ၂၀၂၁- ၂၀၂၂ ပညာသင်နှစ် တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော တပ်မတော်(ကြည်း၊ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သား သမီးများ၊ စစ်သည် အစားခန့်အရပ်သား ဝန်ထမ်းများ၏သား၊ သမီးများနှင့် ဘက်စုံပညာထူးချွန် လူငယ်များသည် မိဘအုပ်ထိန်းသူများနှင့် အတူ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ္တသတ္တာဟစေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် မွန်းလွဲပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ တပ်မတော်(ကြည်း)ပြခန်းများနှင့် ပြင်ပပြကွက်များဖြစ်သော တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ တိုက်ခိုက်ရေးယာဉ်များ၊ စစ်ရေယာဉ်များနှင့် လေယာဉ်များကို သွားရောက် လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။(ဝဲပုံ)





နေပြည်တော်ရှိ သတ္တသတ္တာဟစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြစဉ်။

ထို့နောက် နိုင်ငံအတွက် မိမိတို့၏ အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်စွန့်စား ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသော အထိမ်းအမှတ်ဗိမာန် တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာရှသိပ္ပံ စခန်းချ နေထိုင်ခြင်း အစီအစဉ်(Asian Science Camp 2022) သို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ ကျောင်းသား သုံးဦး ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၄**

ကိုရီးယားနိုင်ငံ ဒေဂျွန်းမြို့တွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်မည့် (၁၄) ကြိမ်မြောက် အာရှသိပ္ပံစခန်းချနေထိုင်ခြင်း အစီအစဉ်(Asian Science Camp 2022) သို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ မောင်ကောင်းထက်ကို (ဒုတိယနှစ်၊ မြို့ပြအင်ဂျင်နီယာ)၊ မောင်ရဲရင့်အောင် (ဒုတိယနှစ်၊ ကွန်ပြူတာနည်းပညာ)၊မောင်စွမ်းထက်ခိုင်ဝင်း (အခြေခံပညာ အထက်တန်းအောင်၊ အခြေခံပညာလေ့ကျင့်ရေး အထက်တန်းကျောင်း (TTC)) တို့သည် အုပ်ချုပ်သူ ဒေါ်စုစုဝေ (ဒါရိုက်တာ၊ မန္တလေး နည်းပညာကုမ္ပဏီ)နှင့်အတူ ဇူလိုင် ၂၂ ရက် နံနက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းဖြင့် ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားကြသည်။



အာရှသိပ္ပံ စခန်းချနေထိုင်ခြင်း (Asian Science Camp) အစီအစဉ်ကို ၂၀၀၇ ခုနှစ်မှ စတင်ခဲ့ပြီး ထိုင်ဝမ်၊ ဘာလီ၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ အစ္စရေး၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ် စသော အာရှတိုက်တွင်း နိုင်ငံများတွင် နှစ်စဉ်ကျင်းပခဲ့သည်။

အာရှတိုက်မှ နိုဘယ်ဆုရသိပ္ပံပညာရှင်များ လာရောက်ကြပြီး ကျောင်းသား ကျောင်းသူ လူငယ်များနှင့်အတူ စခန်းချနေထိုင်ကြကာ သိပ္ပံပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ လေ့လာရေးခရီးများ၊ သိပ္ပံပညာရပ်ဆိုင်ရာ ပြိုင်ပွဲများပါဝင်ပြီး နှစ်စဉ် အာရှတိုက်မှ လူငယ် ၃၀၀ ခန့်ပါဝင်ဆင်နွှဲကြသည်။

ယခုနှစ်တွင် ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသော ကိုဗစ် ကပ်ရောဂါ အခြေအနေအရ လူငယ် ၁၄၀ ခန့်သာ ကိုရီးယားနိုင်ငံသို့ သွားရောက်ဆင်နွှဲကြမည်ဖြစ်ပြီး လူငယ် ၁၅၀ ခန့်မှာ မိမိတို့ နိုင်ငံတွင်းမှနေ၍ အွန်လိုင်းမှ ပါဝင် ဆင်နွှဲကြမည် ဖြစ်သည်။ မြန်မာနိုင်ငံမှလည်း ရန်ကုန် နှင့် ထားဝယ်တို့မှ ကျောင်းသား ကျောင်းသူ လေးဦး အွန်လိုင်းမှ တစ်ဆင့် ပါဝင်တက်ရောက် ဆင်နွှဲကြမည် ဖြစ်သည်။

National Coordinator အနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သဖြင့် ယခုကဲ့သို့ မြန်မာကျောင်းသား ကျောင်းသူများကို အာရှသိပ္ပံ စခန်းချနေထိုင်ခြင်း (Asian Science Camp) အစီအစဉ်သို့ နှစ်စဉ် ပို့လွှတ်ပေးနိုင်ခြင်းဖြစ်သည်။

**မျိုးမင်းသူရ**

## ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်း အစည်းအဝေးပြုလုပ်

**ညောင်လေးပင် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယနေ့မွန်းလွဲပိုင်းက မြို့နယ်စာရေးဆရာအသင်းမှ အစည်းအဝေးပြုလုပ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ဦးခေမာစာရ (သုတသွေး -စံဖဲ) က မုဒိတာစကားပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း (ဗဟို) အမှုဆောင်နှင့် မြို့နယ်စာရေးဆရာအသင်း (နာယက) ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)က မြန်မာနိုင်ငံစာရေးဆရာအသင်း (တတိယအကြိမ်) ညီလာခံအတွေ့အကြုံများ ရှင်းလင်းပြောကြားကာ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း (မောင်စုမြင်-ညောင်လေးပင်)က မြန်မာနိုင်ငံ စာရေးဆရာအသင်း (ဗဟို)၏ ညွှန်ကြားချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသော စာရေးဆရာအသင်းအဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

á လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဖလား ၁၀ မြို့နယ် အသက် (၁၈) နှစ်အောက် အမျိုးသား/အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**မော်လမြိုင် ဇူလိုင် ၂၄**

မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် (၁၈) နှစ်အောက် အမျိုးသား/ အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက်က မော်လမြိုင်မြို့ ပြည်နယ်မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း တက်ရောက်သည်။




အခမ်းအနားတွင် မွန်ပြည်နယ် ၁၀ မြို့နယ်မှ တစ်ဦးချင်းစီနှင့် အသင်းအလိုက် ပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီး တစ်ဦးချင်းစီ တတိယဆုရ အားကစားသမားအား ပြည်နယ်ဝန်ကြီးများက လည်းကောင်း၊ ဒုတိယဆုရသည့် ပြိုင်ပွဲဝင်အသင်းအား ပြည်နယ်တရားသူကြီးချုပ် ဦးညီညီစိုးက လည်းကောင်း၊ ပထမဆုရရှိသည့် ပြိုင်ပွဲဝင်အသင်းအား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းကလည်းကောင်း ဆုတံဆိပ်များနှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြသည်။

**အားကစားသမားကောင်းများစွာပေါ်ထွက်လာစေရန်**

အဆိုပါ စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ပြီး မွန်ပြည်နယ်အတွင်းရှိ လူငယ်လူရွယ်များ၊ ကျန်းမာကြံ့ခိုင်စေရေးနှင့် စိတ်ဓာတ်ရေးရာမြင့်မားစေရေး ပြည်နယ်အစိုးရအနေဖြင့် အားကစားနည်းများအလိုက် ပြိုင်ပွဲများ ကျင်းပပေးခြင်းအပြင် ထူးချွန်ထက်မြက်သော အားကစားသမားကောင်း များစွာပေါ်ထွက်လာစေရန် လိုအပ်သည်များကို အဘက်ဘက်မှ ကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် ပုဗ္ဗသီရိတပ်နယ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစား သမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး**(ယာပုံ)** တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် ဇူလိုင် ၃၀ ရက်အထိ ပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြောင်းမြမြို့နယ် ပညာရေးကော်မတီ ဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံ အသက် (၁၆)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲအုပ်စု ပတ်လည်ပြိုင်ပွဲများ ယနေ့ပြီးစီး

**မြောင်းမြ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်နှစ်ပွဲကို မြောင်းမြမြို့မ အားကစားကွင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ပြိုင်ပွဲ ပထမပွဲစဉ်၌ အ.လ.က(၁) မှ အ.ထ.က(၅)အား နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲစဉ်တွင် အ.ထ.က(၃)နှင့် အ.ထ.က (သိလ္လာ)တို့က ဆက်လက်ယှဉ်ပြိုင်ကစားရာ အ.ထ.က (သိလ္လာ)က နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဒုတိယအကြို ဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၂၆ ရက်မှ ဇူလိုင် ၂၉ ရက်အထိ တစ်နေ့ပွဲစဉ် တစ်ပွဲဖြင့်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲကို ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ် ၁ ရက်တို့တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



# ၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းက နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ ဆုရစစ်သည်များ၊ ဆုရကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရရှိသူ ကိုးဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၂၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၃၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၁၁ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် စစ်သည် လေးဦးတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ရာ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များက လက်ခံရယူကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**အိမ်ပြင်ပဒ္ဓထွန်းသော**
**မီးများကို နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❍ *ကျောဖုံးမှ*

ဒေါ်သက်သက်ဝင်းက "ဒီပြိုင်ပွဲအတွက် နှစ်လကျော်အချိန်ယူပြီး စနစ်တကျပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ ခြေစမ်းပွဲတွေ ကစားခွင့်မရခဲ့ပေမယ့် အကောင်းဆုံးပြင်ဆင်ထားပြီး အသင်းအပေါ် အားရကျေနပ်မှု ရှိပါတယ်။ ပွဲစဉ်တိုင်းကို အာရုံစိုက်ပြီး အကောင်းဆုံးကစားသွားမှာပါ။ ပြိုင်ဘက် မလေးရှားအသင်းကို လေးစားမှုအပြည့်နဲ့ယှဉ်ပြိုင်သွားမှာပါ။ အဖွင့်ပွဲစဉ်ဖြစ်တဲ့အတွက် အနိုင်သုံးမှတ်ရရှိအောင် ကြိုးစားသွားမှာပါ " ဟု ဖြေကြားခဲ့သည်။ အုပ်စု (ခ) ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ဩစတြေးလျအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်းကိုးသင်း ယှဉ်ပြိုင်နေပြီး အုပ်စု (က) တွင် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် ဩစတြေးလျ၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် ပွဲတိုင်းအရေးပါနေပြီး ယခုပွဲတွင်လည်း အမှတ်ပြည့်ရယူထားနိုင်ရန် လိုအပ်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုပြိုင်ပွဲအတွက် ဧပြီနောက်ဆုံးပတ်ကတည်းက စခန်းဝင်လေ့ကျင့်ခဲ့သော်လည်း ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲကစားခဲ့ရခြင်း မရှိပေ။ ထို့ကြောင့် နိုင်ငံတကာ အတွေ့အကြုံမရှိသူ အများစုပါဝင်သည့် မြန်မာအသင်းအနေဖြင့် အုပ်စုအဖွင့်ပွဲတွင် ရှန်းကန်ရနိုင်ပြီး အခွင့်အရေးများ အသုံးချနိုင်ရန် လိုအပ်နေသည်။

ရဲရင့်လွင်

◆ *ကျောဖုံးမှ*

မော်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ဆဲဆိုကြိမ်းမောင်း၍ ကျောင်းအတွင်း နေထိုင်ကြသည့် ဆရာ၊ ဆရာမများအား "ပညာသင်ကြားခြင်းများအား ဆက်လက်မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်ပါက သတ်ပစ်မည်"ဟု ခြိမ်းခြောက်ပြောဆိုကာ ဆရာ၊ ဆရာမများ ပိုင်ဆိုင်သည့် မော်တော်ဆိုင်ကယ် ငါးစီးတို့ကို လုယက်ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၆၅ | ၁၇၁၀ | ၁၇၀၅ | ၁၆၇၀ | ၁၇၁၀ | ၁၇၃၀ | ၁၇၁၅ | ၁၆၉၅ | ၁၇၉၀ | ၁၈၀၅ | ၁၇၀၀ | ၁၇၁၀ | ၁၇၄၅ | ၁၇၄၅ | ၁၇၅၀ | ၁၉၆၅ | ၂၅၁၀ |
| 95 Ron | ၁၇၁၅ | ၁၇၆၅ | ၁၇၆၀ | ၁၇၂၅ | ၁၇၆၀ | ၁၇၈၅ | ၁၇၇၀ | ၁၇၄၅ | ၁၈၄၀ | ၁၈၅၅ | ၁၇၅၅ | ၁၇၇၀ | ၁၇၉၅ | ၁၇၉၅ | ၁၈၀၀ | ၂၀၂၀ | ၂၅၆၅ |
| HSD (500 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၁၉၅ | ၂၁၉၀ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၇၉၀ |
| HSD (50 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၂၀ |
| HSD (10 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၇၅ | ၁၆၄၀ |
| 95 Ron | ၁၆၂၅ | ၁၆၉၁ |
| HSD (500 ppm) | ၁၉၅၂ | ၂၀၂၀ |
| HSD (50 ppm) | ၂၀၀၇ | ၂၀၇၇ |
| HSD (10 ppm) | ၂၀၀၇ | ၂၀၇၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## လယ်ဝေးမြို့နယ်တွင် မြေအောက်ရေဖြင့် သီးနှံများ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး



**လယ်ဝေး ဇူလိုင် ၂၄**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က လယ်ဝေးမြို့နယ် ကူသပိတ်ကျေးရွာတွင် မြေအောက်ရေဖြင့် စိုက်ပျိုးရေပေးဝေခြင်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ကူသပိတ်ကျေးရွာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မြေအောက်ရေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရန် တူးဖော်ထားသည့် စက်ရေတွင်း ငါးတွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ ဦးစီးအရာရှိ ဦးသောင်းရင်ဦးက စက်ရေတွင်းများမှ မြေအောက်ရေထုတ်ယူသုံးစွဲနေမှုများ၊ တွင်းအမှတ် (၁)နှင့်(၃) တို့အား ဆိုလာစွမ်းအင်ဖြင့် ပြောင်းလဲသုံးစွဲနေမှုများအားလည်းကောင်း၊ မြေအောက်ရေတွင်း ငါးတွင်းဖြင့် အကျိုးပြုဧက ၅၀၊ သီးထပ်စွမ်းအားဖြင့် ဧက ၁၅၀ စိုက်ပျိုးနိုင်သည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ (ဓါတ်ပုံ)

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မြေအောက်ရေများအား ပေးဝေရာတွင် ရေသုံးစွဲသူများအဖွဲ့( WUG )နှင့် ညှိနှိုင်းဆောင်ရွက်ကာ စနစ်တကျရယူသုံးစွဲရန်၊ ရေများ အလေအလွင့်မရှိစေရေးအတွက် သုံးသီးအပြည့် သီးထပ်စိုက်ပျိုးနိုင်ရန်နှင့် အထွက်နှုန်းကောင်းမွန်သည့် တန်ဖိုးမြင့်သီးနှံများကို ရွေးချယ်စိုက်ပျိုးရန် စသည်တို့အား မှာကြားသည်။ ဆက်လက်၍ ကူသပိတ်ကျေးရွာ ကွင်းအမှတ် (၁၈၀၅ )တောင်သူ ဦးဘိုဝင်းက ရေဆိုးထုတ်မြောင်း ဖောက်လုပ်ပေးရန် တင်ပြချက်အား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေး သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးကြပ်၍ အောင်မြေသာစံမြို့နယ် သရက်ကုန်း ငါးလုပ်ငန်းစခန်းတွင် စိုက်ပျိုးရေးသိပ္ပံကျောင်း (ပုသိမ်ကြီး) မှ ကျောင်းသား ကျောင်းသူများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ အလုပ်သင် (နေ့စား) ဝန်ထမ်းများအား အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းကို ဇူလိုင် ၂၂ ရက်က သရက်ကုန်း ငါးလုပ်ငန်းစခန်း သင်တန်းခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသံချောင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ၊ ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားပြီး စခန်းတာဝန်ခံ ဦးထွန်းနောင်ဝင်းက ရေချိုငါးများ ဆေးထိုး သားဖောက်ခြင်းနှင့် ပတ်သက်သည့် မျိုးငါးများပြုစုမွေးမြူခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း၊ ပြုစုကန်များကြိုတင်ပြင်ဆင်ခြင်း၊ ငါးရစ်ငါးသန်များပြုစုခြင်း စသည်တို့အား စာတွေ့သင်ကြားပို့ချပေးခဲ့သည်။ ထို့နောက် သင်တန်းသားများအား သားဖောက်ရုံတွင် ငါးဆေးထိုး သားဖောက်ခြင်းကို လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်းလည်းရ ပြည်လည်းလှ

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Regular Verbs (ပုံမှန်ကြိယာ) တို့ရဲ့အသုံးများတဲ့ Verbs (ကြိယာ) ပုံစံတွေ နဲ့ Past Tense (အတိတ်ကာလ) နဲ့ Past Participle (အတိတ်ပြီးမြောက်ကာလ) တို့ရဲ့ပြောင်းလဲခြင်းမရှိတဲ့ပုံစံတွေကို ဇယားနဲ့တကွ ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဇယားမှာ ဖော်ပြထားတဲ့ကြိယာတွေဟာ ဝါကျဖွဲ့တဲ့အခါမှာ သက်ဆိုင်ရာ အချိန်ကာလအမျိုးမျိုးအတွက် အသုံးဝင်မှာဖြစ်တဲ့အတွက် အခုကတည်းက အသေအချာလေ့လာထားစေချင်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း “Shortest way to talk about your daily routine in English-3” ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary ပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။


## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် Grammar အပိုင်းမှာတော့ Regular Verbs (ပုံမှန်ကြိယာ) တို့ရဲ့ အသုံးများတဲ့ Verbs (ကြိယာ) ပုံစံတွေနဲ့ Past Tense (အတိတ်ကာလ) နဲ့ Past Participle (အတိတ်ပြီးမြောက်ကာလ) တို့ရဲ့ ပြောင်းလဲခြင်းမရှိတဲ့ပုံစံတွေကို ဇယားနဲ့တကွ ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဇယားမှာဖော်ပြထားတဲ့ ကြိယာပုံစံတွေကို လေ့လာထားဖို့လိုပါတယ်။ အဲဒီလိုလေ့လာထားမှသာ နောင် Tenses တွေအကြောင်း ဆက်လက်ရှင်းပြတဲ့နေရာမှာ လွယ်လွယ်ကူကူနားလည်မှာဖြစ်သလို ကောင်းကောင်းအသုံးပြုတတ်မှာ ဖြစ်ပါတယ်။

**Regular Verbs (ပုံမှန်ကြိယာ) များ၏ အသုံးများသည့် Verbs (ကြိယာ) ပုံစံများ**

| | | | |
|---|---|---|---|
| cry | cried | cried | crying |
| dance | danced | danced | dancing |
| die | died | died | dying |
| divide | divided | divided | dividing |
| drop | dropped | dropped | dropping |
| escape | escaped | escaped | escaping |
| fit | fitted | fitted | fitting |
| hand | handed | handed | handing |
| hang (person) | hanged | hanged | hanging |
| hope | hoped | hoped | hoping |
| hurry | hurried | hurried | hurrying |
| join | joined | joined | joining |
| jump | jumped | jumped | jumping |
| laugh | laughed | laughed | laughing |
| live | lived | lived | living |
| marry | married | married | marrying |
| reply | replied | replied | replying |
| show | showed | showed | showing |
| stop | stopped | stopped | stopping |
| study | studied | studied | studying |
| talk | talked | talked | talking |
| tie | tied | tied | tying |
| try | tried | tried | trying |
| use | used | used | using |
| wait | waited | waited | waiting |




အခုဖော်ပြသွားမယ့် Verbs (ကြိယာ)တွေရဲ့ Past Tense (အတိတ်ကာလ) နဲ့ Past Participle (အတိတ်ပြီးမြောက်ကာလ) တို့ရဲ့ ပုံစံတွေကတော့ ပြောင်းလဲခြင်းမရှိပါဘူး။

**Past Tense (အတိတ်ကာလ) နဲ့ Past Participle (အတိတ်ပြီးမြောက်ကာလ) တို့၏ တူညီသောပုံစံများ**

| Present Tense | Past Tense | Past Participle | Present Participle |
|---|---|---|---|
| burst | burst | burst | bursting |
| cost | cost | cost | costing |
| cut | cut | cut | cutting |
| hit | hit | hit | hitting |
| hurt | hurt | hurt | hurting |
| let | let | let | letting |
| put | put | put | putting |
| read | read | read | reading |
| set | set | set | setting |
| shut | shut | shut | shutting |
| split | split | split | splitting |
| spread | spread | spread | spreading |

## VOCABULARY (SYNONYMS)

1. infuriated = angry (ဒေါသထွက်သည်၊ ဒေါသထွက်စေသည်)
2. inquire = ask (စုံစမ်းမေးမြန်းသည်)
3. insolent = rude (စော်ကားသော၊ မောက်မာသော)
4. intention = purpose (ရည်ရွယ်ချက်၊ ရည်မှန်းချက်)
5. interior = inside (အတွင်းပိုင်း)
6. intoxicated = drunk (ယစ်မူးသော၊ အရက်မူးသော)
7. invaluable = priceless (တန်ဖိုးမဖြတ်နိုင်သော၊ အဖိုးတန်သော)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about your daily routine in English-3

**ဒီတစ်ပတ်မှာတော့ talking about eating habits (အစားအသောက်အလေ့အထ) အကြောင်း ပြောတဲ့အခါ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို “Shortest way to talk about your daily routine in English-3” ဆိုပြီးဖော်ပြလိုက်ပါတယ်။**

**My meal habits are all over the place**

၁။ အစားအသောက်စားချိန်ပုံမှန်မရှိသည့်အလေ့အထကို ပြောဆိုရာတွင် my meal habits are all over the place ဆိုပြီးပြောပါတယ်။ ဥပမာ -

- Yeah … my meal habits are all over the place; it depends what I'm doing.

**I skip meals**

၂။ အစားအစာမစားဘဲ နေခြင်း၊ နပ်ကျော်သွားခြင်းကို skip meals ဆိုပြီးပြောနိုင်ပါတယ်။ ဥပမာ-

- Sometimes I skip meals, or I eat at weird times.

**get a takeaway**

၃။ ဆိုင်မှမှာယူပြီး တစ်နေရာရာမှာစားတာကို get a takeaway ဆိုပြီးပြောနိုင်ပါတယ်။ ဥပမာ-

- We generally get a takeaway on Friday evening if we're at home.

**eating out**




၄။ အပြင်မှာစားတာကို eating out ဆိုပြီးပြောနိုင်ပါတယ်။ ကျွန်တော်အပြင်မှာ စားရတာကို သဘောကျတယ်ဆိုရင် -

- I love eating out ဆိုပြီး ပြောပါတယ်။

Conversation

**My meal habits are all over the place!**

Anna: So, do you cook? I mean, you're at home all day, so you must have time.

Jay: Yeah … My meal habits are all over the place, though.

Anna: What do you mean?

Jay: Sometimes I skip meals, or I eat at weird times. I might eat dinner at seven-thirty, or I might not eat until eleven. It depends what I'm doing, and how hungry I am.

Anna: That's the exact opposite of my situation. I have to eat at the same time every day, because that's the only time I have free.

Jay: What do you do for lunch?

Anna: If I'm organized, I'll cook at the weekends so I can take food with me to work. Otherwise, I'll buy a sandwich or something from the bakery.

Jay: What about in the evenings?

Anna: Me and my boyfriend take turns cooking. Then, we generally get a takeaway on Friday evening if we're at home.

Jay: That's a good system. It's hard to motivate yourself to cook when you live alone. I try though, because I don't want to waste money on takeaways and eating out. So I'll cook a big batch of something, then freeze it and eat if for several days.

**Talking about eating habits (အစားအသောက်အလေ့အထများအကြောင်းပြောခြင်း)**

- Do you cook?
- What do you do for lunch?
- Do you eat at the same time every day?

**Explanation (စကားပြောထဲမှ ရှင်းလင်းချက်များ)**

- My meal habits are all over the places. (there's no pattern; you don't eat regular meals at regular times every day. အစားအစာစားသောက်သည့်အချိန်၊ ဓလေ့ပုံမှန်မရှိခြင်း)
- Sometimes I skip meals. (don't eat it. - အစားအသောက်မစားဘဲ နပ်ကျော်သွားခြင်း)
- I'll cook a big batch of something, then freeze it. (you cook a lot at one time - တစ်ခုခုကို တစ်ခါတည်းအများကြီးချက်ခြင်း)

**Asking questions about eating habits (အစားအသောက်နှင့်ဆိုင်သော မေးခွန်းများမေးမြန်းခြင်း)**

- Do you sometimes skip meals?
- Do you buy lunch, or cook at home and take food to work?
- Do you ever get takeaways in the evening?

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# Monkeypox ရောဂါဖြစ်ပွားမှုကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြေညာ

ဂျီနီဗာ ဇူလိုင် ၂၄

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) သည် monkeypox ရောဂါဖြစ်ပွားမှုကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ကြေညာလိုက်သည်။ ဇူလိုင် ၂၃ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဒဗလျူအိတ်ချ်အို ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဟာနွန် ဂျီဘရီယက်ဆုစ် က ထိုကဲ့သို့ ကြေညာလိုက်ခြင်း ဖြစ်သည်။**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဟာနွန် ဂျီဘရီယက်ဆုစ်။

အဆိုပါ ကြေညာချက်သည် ဇူလိုင် ၂၁ ရက်က ကျင်းပသော အရေးပေါ်ကော်မတီအစည်းအဝေး တစ်ခုမှ ဆွေးနွေးချက်များအပေါ်အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အစည်းအဝေးသို့ ကမ္ဘာတစ်ဝန်းမှ ကျွမ်းကျင်သူများနှင့် ကျန်းမာရေး တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

၎င်းသည် ရောဂါ၏ အခြေအနေကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်နှင့် ရောဂါကူးစက်မှုပြန့်ပွားခြင်းမှ ကာကွယ်နိုင်ရေးအတွက် အခြားအစီအမံများကို လုပ်ဆောင်ကြရန် monkeypox ရောဂါဖြစ်ပွားခြင်း မရှိသေးသည့် နိုင်ငံများအပါအဝင် အတည်ပြုကူးစက်ခံထားရသော နိုင်ငံများကို တောင်းဆိုထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ အစီရင်ခံတင်ပြထားသော အချက်အလက်အရ ယခုနှစ်တွင် အာဖရိက၌ အဆိုပါရောဂါကြောင့် သေဆုံးသူ ငါးဦးရှိကြောင်း၊ လက်ရှိအချိန်အထိ အာဖရိကပြင်ပနိုင်ငံများတွင် သေဆုံးသူ မရှိသေးကြောင်း၊ နိုင်ငံနှင့် နယ်မြေပေါင်း ၇၅ ခုမှ monkeypox ရောဂါကူးစက်မှုသည် ၁၆၀၀၀ ကျော် တွေ့ရှိရသည့်အတွက် ရောဂါဖြစ်ပွားမှုဆက်လက်မြင့်တက်လာကြောင်း သိရသည်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အဆိုအရ လူအများစုသည် monkeypox ရောဂါကူးစက်ခံရပြီးနောက် ရက်သတ္တနှစ်ပတ်မှ လေးပတ်အတွင်း ပြန်လည်ကောင်းမွန်လာကြကြောင်း သိရသည်။ ဥရောပသည် လက်ရှိတွင် ကမ္ဘာလုံးဆိုင်ရာ ရောဂါကူးစက်မှု၏ဗဟိုချက်အဖြစ် ရှိနေပြီး ၂၀၂၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းအတည်ပြုထားသော ကူးစက်ခံရသူ၏ ၈၀ ရာခိုင်နှုန်းကျော် ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ

# အိမ်နီးချင်း အီရန်နိုင်ငံမှ လောင်စာဆီ တန် ၃၅၀၀၀၀ အထိ အာဖဂန်နစ္စတန်နိုင်ငံ တင်သွင်းမည်

ကဘူးလ် ဇူလိုင် ၂၄

အာဖဂန်နစ္စတန်နိုင်ငံသည် ဇူလိုင် ၂၃ ရက်တွင် နှစ်နိုင်ငံကြား လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်အရ အိမ်နီးချင်း အီရန်နိုင်ငံမှ လောင်စာဆီ တန် ၃၅၀၀၀၀ အထိ တင်သွင်းမည်ဖြစ်ကြောင်း ဇူလိုင် ၂၄ ရက်တွင် ဘဏ္ဍာရေး ဝန်ကြီးဌာနက ပြောသည်။



### အီရန်ကုမ္ပဏီတစ်ခုနှင့် စာချုပ် ချုပ်ဆိုခဲ့

အီရန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အာဖဂန်ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် လောင်စာဆီ တန် ၃၅၀၀၀၀ ကို ဝယ်ယူရန်အတွက် ဇူလိုင် ၂၃ ရက်က အီရန်ကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ဗဟိုဘဏ်၊ အာဖဂန်နစ္စတန် ရေနံနှင့် ဂက်စ်ကော်ပိုရေးရှင်းနှင့် အာဖဂန်နစ္စတန် အမျိုးသား စံချိန်စံညွှန်းအာဏာပိုင်အဖွဲ့တို့မှ အဆင့်မြင့်အရာရှိများ ပါဝင်ကြောင်း သိရသည်။

### ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းရန် သဘောတူညီခဲ့

လောင်စာဆီနှင့်ပတ်သက်ပြီး စာချုပ်ချုပ်ဆိုမှုအပြင် အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံတို့ကြား ရေနံထွက်ပစ္စည်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။ ထို့အပြင် အာဖဂန်နစ္စတန်တွင် စွမ်းအင်တင်သွင်းမှုနှင့် သန့်စင်မှုတို့အတွက် ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ထူထောင်ရန်အတွက်လည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၁၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိ

ကွာလာလမ်ပူ ဇူလိုင် ၂၄

မလေးရှားနိုင်ငံတွင် ဇူလိုင် ၂၃ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၁၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၆၄၈၉၃၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ကူးစက်ခံရသူများအနက် နှစ်ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ပြီး ၄၈၁၄ ဦးသည် ပြည်တွင်း ကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော နောက်ဆုံးအချက်အလက်အရ သိရသည်။ ထို့အပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ကိုးဦးရှိသည့်အတွက် စုစုပေါင်း သေဆုံးသူ ၃၅၉၁၁ ဦးအထိ ရှိလာပြီဖြစ်သည်။

မလေးရှားနိုင်ငံတွင် ရောဂါကင်းစင်၍ ဆေးရုံမှထပ်မံဆင်းခွင့်ရရှိသူ ၃၉၂၈ ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၄၅၆၃၄၇၃ ဦးအထိ ရှိလာပြီဖြစ်သည်။ မလေးရှားနိုင်ငံ၌ ပိုးတွေ့ဆဲလူနာ ၄၉၅၄၇ ဦးရှိရာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူနေရသူ ၄၉ ဦးရှိပြီး အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ရန် လိုအပ်သူ ၂၈ ဦး ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ယခင်ရက်ကထက် ၃၂၄ ဦး ကျဆင်းလာ

ဟန်နွိုင်း ဇူလိုင် ၂၄

ဗီယက်နမ်နိုင်ငံ၌ ဇူလိုင် ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံစစ်ဆေးတွေ့ရှိသူ ၇၄၈ ဦးရှိပြီး ဇူလိုင် ၂၃ ရက်ကထက် ၃၂၄ ဦး ကျဆင်းလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ထပ်မံကူးစက်ခံရသူများကြောင့် ဗီယက်နမ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၀၇၆၇၉၄၈ ဦးအထိ ရှိလာပြီဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ မရှိကြောင်း၊ ဇူလိုင် ၂၄ ရက် အထိ စိုးရိမ်ရသောအခြေအနေတွင်ရှိပြီး အသက်ရှူကိရိယာတပ်ဆင်ရန် လိုအပ်သူ ၂၉ ဦးသာရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် မျိုးရိုးဗီဇပြောင်းဗိုင်းရပ်စ် အိုမီခရွန်မျိုးကွဲ BA.4, BA.5 နှင့် BA.2.12.1 ကူးစက်လျက်ရှိသောကြောင့် စတုတ္ထမြောက် ကာကွယ်ဆေးထိုးနှံရန် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ နယူးဒေလီ၌ ပထမဆုံး Monkeypox ရောဂါကူးစက်ခံရသူ တွေ့ရှိ

**စုစုပေါင်း Monkeypox ရောဂါကူးစက်ခံရသူ လေးဦးအထိ ရှိလာပြီဖြစ်**

နယူးဒေလီ ဇူလိုင် ၂၄

ဇူလိုင် ၂၃ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က monkeypox ရောဂါဖြစ်ပွားမှုကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ကြေညာလိုက်ပြီးနောက် အိန္ဒိယနိုင်ငံ၏ မြို့တော်နယူးဒေလီတွင် ပထမဆုံးအကြိမ် monkeypox ရောဂါကူးစက်ခံရသူ တွေ့ရှိကြောင်း ဇူလိုင် ၂၄ ရက်တွင် ပြောသည်။

အဆိုပါကူးစက်မှုသည် အိန္ဒိယနိုင်ငံ၌ လေးဦးမြောက်ကူးစက်မှုဖြစ်ကြောင်း၊ ပထမကူးစက်ခံရသူ သုံးဦးသည် နိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်မှဖြစ်ပြီး ဇူလိုင် ၁၄ ရက်၊ ၁၈ ရက်နှင့် ၂၂ ရက်တို့တွင် ကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။




အဆိုပါရောဂါ ကူးစက်ခံရသူကို မြို့တော်ရှိ အစိုးရဆေးရုံသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း၊ လူနာမှာ နိုင်ငံခြားခရီးသွားမှတ်တမ်းမရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ ပထမဆုံး monkeypox ရောဂါ ကူးစက်ခံရသူ သုံးဦးသည် နိုင်ငံခြားခရီးသွားမှတ်တမ်းရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံတွင် monkeypox ရောဂါ ကူးစက်ခံရသူများအပြင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများလည်း နေ့စဉ်ဖြစ်ပွားလျက်ရှိပြီး ဇူလိုင် ၂၄ ရက်တွင် အဆိုပါ ရောဂါကူးစက်ခံရသူ ၂၀၂၇၉ ဦး စစ်ဆေးတွေ့ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ စစ်ဆေးတွေ့ရှိမှု ပမာဏသည် အိန္ဒိယနိုင်ငံ၌ သုံးရက်ဆက် ၂၁၀၀၀ ကျော် ကူးစက်မှုဖြစ်ပွားရာမှ လျော့ကျလာခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၆ ဦးရှိပြီး စုစုပေါင်း သေဆုံးသူ ၅၂၆၀၃၃ ဦးအထိ ရှိလာပြီဖြစ်သည်။ ဆင်ဟွာ

# တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ခြင်း မိတ်ဆက်ရှင်းလင်း

**မော်လမြိုင် ဇူလိုင် ၂၄**

တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်သည့် မိတ်ဆက်အခမ်းအနားကို ဇူလိုင် ၂၂ ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် စေ့စပ်ဖြေရှင်းရေးဌာနကို ၁-၈-၂၀၂၂ ရက်မှစတင်ပြီး တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုသည်မှာ တရားရုံး၌ စွဲဆိုပြီးဖြစ်သော တရားမမှုကို အမှုသည်တို့၏ ဆန္ဒအရဖြစ်စေ၊ သတ်မှတ်ချက်အရဖြစ်စေ တရားရုံးရှိ စေ့စပ်ဖြေရှင်းရေးဌာန၌



အမှုသည်များကိုယ်တိုင် ပါဝင်ပြီး စေ့စပ်ဖြေရှင်းရာတွင် တရားရုံးက တာဝန်ပေးအပ်သည့် စေ့စပ်ဖြေရှင်းရေး အရာရှိတစ်ဦးက အမှုသည်များအကြား ကြားဝင်ကူညီဆောင်ရွက်ပေးခြင်းဖြင့် အငြင်းပွားမှုကို ဖြေရှင်းခြင်းဖြစ်ကြောင်း၊ တရားရုံးသို့ စတင်စွဲဆိုတင်ပို့လာသော တရားမမှုများအနက် မိသားစုဆိုင်ရာ အငြင်းပွားမှုများ၊ ငွေကြေးဆိုင်ရာ အငြင်းပွားမှုများနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ စေ့စပ်ဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ တရားရုံးများမှ တရားသူကြီးများအနေဖြင့်လည်း စေ့စပ်ဖြေရှင်းရေးအစီအစဉ် အောင်မြင်စေရေးအတွက် မိမိတို့ကျရာနေရာဌာနမှ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ခင်နှင်းထွဋ်နှင့် စေ့စပ်ဖြေရှင်းရေးအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီလှိုင်တို့က တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

## လယ်ယာဧက ၁၂၈၀ အကျိုးပြုသည့် ကုန်ထုတ်လမ်းဖောက်လုပ်မှုပြီးစီးတော့မည်

**စလင်း ဇူလိုင် ၂၄**

စလင်းမြို့နယ်အတွင်းမှ လယ်ယာဧက ၁၂၈၀ ကို အကျိုးပြုမည့် စလင်းမြောင်းမကြီး လက်တံ-၂ ကုန်ထုတ်လမ်း ဖောက်လုပ်မှုမှာ လက်ရှိအချိန်တွင် ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ လမ်းဖောက်လုပ်နေမှုကို တာဝန်ရှိသူများက ဇူလိုင် ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကုန်ထုတ်လမ်းသည် အရှည် နှစ်မိုင်၊ အကျယ် ၁၀ ပေရှိပြီး မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေကျပ် ၄၁ ဒသမ ၇၁ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဇွန် ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းဖောက်လုပ်နေမှုကို မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းမြတ်သိန်း၊ မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်နှင့် အင်ဂျင်နီယာများက စလင်းမြောင်းမကြီး လက်တံ-၂ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာအား လုပ်ငန်းများအားလုံးကို ဌာနမှသတ်မှတ်ထားသော စံချိန်စံညွှန်းများအတိုင်း သတ်မှတ်ကာလအတွင်းပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ကုန်ထုတ်လမ်း ရာနှုန်းပြည့်ခင်းပြီးပါက ကူတို(တ)၊ ကူတို(မ) ကျေးရွာ၊ ဝက်သိုက်နှင့် တဲကုန်းကျေးရွာတို့ရှိ အိမ်ခြေ ၇၃၀၊ လူဦးရေ ၃၀၄၀ အား အကျိုးပြုမည့်အပြင် လယ်ယာဧက ၁၂၈၀ မှ ထွက်ရှိသော စပါး၊ နှမ်း၊ ပဲမျိုးစုံနှင့် အခြားစိုက်ပျိုးသီးနှံများကို ရာသီမရွေး တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

အထွေး

## ငါးရှဥ့်သားဖောက်သုတေသနလုပ်ငန်းတွင် သားဖောက်မှုအောင်မြင်

**ရန်ကုန် ဇူလိုင် ၂၄**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ရန်ကုန်မြို့ တွံတေးမြို့နယ်ရှိ သဘာဝအစာကြွေးသော သုတေသနကန်အတွင်း ငါးရှဥ့်သားဖောက်လုပ်ငန်းကို စမ်းသပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လပထမပတ်တွင် ငါးရှဥ့်မျိုးဥမှ အကောင်များ စတင်ပေါက်ခဲ့၍ စမ်းသပ်သားဖောက်မှု အောင်မြင် ခဲ့ကြောင်း သိရသည်။

ငါးရှဥ့်အမကောင်ရေတစ်ရာကို သားပေါက်ဆေး(HCG) ထိုး၍ ဇွန်လက ကန်အတွင်း လွှတ်ပြီးနောက် ဇူလိုင်လ ပထမပတ်တွင် ရေပေါ်အမြှုပ်များတွင် ငါးဥကဲ့သို့ဥများ ကပ်ခဲ့ရာ ဇူလိုင်ဒုတိယပတ်မှစ၍ ငါးရှဥ့်တစ်ကောင်လျှင် သားပေါက်ကောင်ရေ ၁၅၀မှ ၂၀၀ အထိ ပေါက်ခဲ့သည်။ အကောင်ပေါက်မှ တစ်ပတ်၊ တစ်လကြာလျှင် အရွယ်မည်မျှကြီးထွားမှုနှင့် သုတေသနပြုလုပ်ငန်းများကို ယခုနှစ်အတွင်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်ရှိနေသောငါးရှဥ့်ကို မြန်မာနိုင်ငံတွင် သဘာဝမွေးမြူမှုစနစ်ဖြင့် ဖမ်းဆီး၍ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိရာ သဘာဝနေရာတို့မှ ဆယ်စုနှစ်များစွာ ထုတ်ယူသုံးစွဲလာမှုကြောင့် တစ်ချိန်တွင် မျိုးဆက်ပြတ်မှု မရှိစေရန်နှင့် ဒေသမျိုးရင်းများကို ဆက်လက် ထိန်းသိမ်းနိုင်ရန် သားဖောက်လုပ်ငန်းများကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က သုတေသနပြုဆောင်ရွက်ခြင်းဖြစ်သည်။

"ငါးရှဥ့်အမကို ဆေးထိုးပြီး ကန်မှာလွှတ်ထားပြီးတော့ ရေမှုန့်ရေမွှားအစာနဲ့ ခရုအသားကို စင်းပြီး ကျွေးတယ်။ လွှတ်တဲ့အထဲမှာ အထီးအချို့လည်း ပါတယ်။ မိတ်လိုက်ပြီးချိန်မှာ ကျင်းခတ်ပြီး အမြှုပ်တွေရေပေါ်ကို ထုတ်တယ်။ အဲဒီအမြှုပ်မှာ ဥတွေက သွားကပ်တယ်။ အခုအကောင်ပေါက်လာပြီဖြစ်တဲ့အတွက် ဘယ်ရက်မှာ အရွယ်ဘယ်အထိ ကြီးထွားလာတယ်။ တစ်ကောင်ကို သားပေါက်ကောင်ရေ ပျမ်းမျှဘယ်လောက် မွေးတယ်။ ရောင်းတန်းဝင်တဲ့ အထိ ဘယ်လောက်ကြာလဲဆိုတာကို မှတ်တမ်းလုပ်နေတယ်။ အကောင်ပေါက်တဲ့အတွက် သုတေသနအောင်မြင်တယ်လို့ ပြောရမယ်။ သုတေသနလုပ်ငန်းတွေ ဆက်ပြီး လုပ်သွားမှာပါ။ နေရာမရွေး မွေးမြူနိုင်တာကြောင့် တောင်သူတွေ ဝင်ငွေပိုရသလို တစ်ပိုင်တစ်နိုင် မွေးတဲ့သူတွေကိုလည်း နည်းပညာတွေ ဖြန့်ဝေသွားမှာပါ" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

လယ်ကွင်းများနှင့် ငါးကန်များအနီးတွင် ငါးရှဥ့်ကို စီးပွားဖြစ်မွေးမြူနိုင်သောကြောင့် ဗီယက်နမ်နိုင်ငံ၌ စိုက်ပျိုးရေးနှင့်အတူ ငါးရှဥ့်မွေးမြူရေး လုပ်ငန်းအောင်မြင်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်းငါးရှဥ့်သားပေါက်ထုတ်လုပ်နိုင်ပြီဖြစ်၍တောင်သူများကိုယ်တိုင် သားဖောက်မွေးမြူ ထုတ်လုပ်နိုင်ရန် နည်းပညာနှင့် သားပေါက်များ ဖြန့်ဝေနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံအချို့တွင် ငါး၊ ပုစွန်နှင့် ငါးရှဥ့်ကို မျိုးထိန်းထားနိုင်ပြီဖြစ်၍ ရေရှည်ထုတ်ယူစားသုံးရန်နှင့် ပြည်ပသို့တင်ပို့ရန် ထိန်းချုပ်နိုင်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ငါးနှင့်ပုစွန် သားဖောက်နည်းခြင်းကို ငါးလုပ်ငန်းဦးစီးဌာနက အောင်မြင်မှုများရရှိထားပြီး မွေးမြူရေးတောင်သူများကိုယ်တိုင် သားဖောက်ထုတ်လုပ်မွေးမြူနိုင်ရန် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိ၍ ကျေးလက်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။

ရေထွက်ကုန် ရေရှည်ထုတ်ယူစားသုံးနိုင်ရန် မျိုးထိန်းသိမ်းနိုင်သော နည်းစနစ်လိုအပ်လျက်ရှိပြီး သားဖောက်လုပ်ငန်းများ အောင်မြင်မှုတွင် တောင်သူများတစ်ပိုင်တစ်နိုင်မွေးမြူထုတ်လုပ်မှုမှ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အတွက် ကွင်းဆက်မပြတ်သော ရေထွက်ကုန်တင်ပို့မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ရာ ဈေးကွက်ရှိ၍ ဈေးကောင်းရနေသော ငါးရှဥ့်ကို ဇူလိုင်လတွင် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ (သတင်းစဉ်)

# အင်္ဂပူမြို့နယ် မြို့ကွင်းဝေဝန်မြစ်ကူး မီးရထားတံတားပြုပြင်မှု ၉၀ ရာခိုင်နှုန်းပြီးစီး၍ ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြု

**အင်္ဂပူ ဇူလိုင် ၂၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဆုံကုန်းကျေးရွာအုပ်စုရှိ မြို့ကွင်းဝေဝန်မြစ်ကူး မီးရထားတံတားတွင် အောက်ခံဆင့်တုံးများ၊ တံတားကြမ်းခင်းများ ပြုပြင်ခြင်း၊ လဲလှယ်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး၍ ဇူလိုင် ၂၁ ရက်မှစတင်ပြီး မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ စတင်ဖြတ်သန်းသွားလာခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါမြို့ကွင်းဝေဝန်မြစ်ကူး မီးရထားတံတား (အဟောင်း)ကို ၁၉၀၅ ခုနှစ်မှ စတင်ဆောက်လုပ်ခဲ့ကြောင်း၊ တံတားအရှည် ၁၀၅၃ ပေ၊ အကျယ် ၁၁ ပေ၊ သံပေါင်ကွန်ကရစ်တံတားဖြစ်ပြီး အောက်ခံဆင့်တုံးများ၊ တံတားကြမ်းခင်းများ ပြုပြင်ခြင်း၊ လဲလှယ်ခြင်းကို မြန်မာ့မီးရထား တိုင်းအမှတ်(၉) ဟင်္သာတက ဆောင်ရွက်စဉ်ကာလအတွင်း အခက်အခဲမရှိ မြန်ဆန်စွာပြီးစီးနိုင်ရေးအတွက် ဇွန် ၂၀ ရက်မှ ဇူလိုင် ၂၀ ရက်အထိ မြို့ကွင်း ဝေဝန်မြစ်ကူးတံတား (အဟောင်း)ပေါ်တွင် မော်တော်ယာဉ်ဖြတ်သန်းခွင့်ပိတ်ထားပြီး မီးရထားပြေးဆွဲမှုအား ပုံမှန်အတိုင်းပြေးဆွဲခဲ့ကြောင်းနှင့် မော်တော်ယာဉ်များကို လမ်းလွှဲအဖြစ် အင်္ဂပူ - ကွင်းကောက် - ခြောက်ရွာ ကားလမ်းမှ မောင်းနှင်အသုံးပြုသွားလာစေခဲ့ကြောင်း သိရသည်။

ယခုအခါ မြို့ကွင်းဝေဝန်မြစ်ကူးမီးရထားတံတား ပြုပြင်ခြင်းလုပ်ငန်းကို ၉၀ ရာခိုင်နှုန်း ပြုပြင်ပြီးဖြစ်သဖြင့် ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ယာဉ်များကို ယာယီဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ပြီး ဩဂုတ် ၂၁ ရက်မှ စက်တင်ဘာ ၉ ရက်အထိ အချောသတ်ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးပါက အပြီးသတ်ဖွင့် လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)



# ဇူလိုင် ၂၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၈ ရာခိုင်နှုန်းရှိ

(၂၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၉၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၉၄,၂၄၂) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၉၅၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၈၀၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၃-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၀၄၈,၈၂၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၅,၉၃၂,၇၆၈) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၃၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၁၀) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၇၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၀၈၁) ခု | (၇) ဦး |
| စုစုပေါင်း | (၃,၉၀၇) ခု | (၁၁) ဦး |

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၃-၇-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၀၄၈,၈၂၇ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၉၃၂,၇၆၈ |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၄-၇-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၁၇၂၃၃၆ | ၈၇၃၂၈၃၂၂ | ၁၀၅၁၉၇၉ |
| ၂။ | အိန္ဒိယ | ၄၃၈၈၈၇၅၅ | ၄၃၂၁၀၅၂၂ | ၅၂၆၀၃၃ |
| ၃။ | ဘရာဇီး | ၃၃၅၈၁၅၃၃ | ၃၁၈၇၇၅၃၁ | ၆၇၆၉၇၉ |
| ၄။ | ပြင်သစ် | ၃၃၄၈၂၂၃၀ | ၃၁၂၇၆၄၀၅ | ၁၅၁၃၅၀ |
| ၅။ | ဂျာမနီ | ၃၀၃၃၁၁၃၁ | ၂၈၂၅၅၈၀၀ | ၁၄၃၁၇၇ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၄၉၁၉၀၈ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၆၀၈၁၉၀ | ၁၉၀၀၅၅၃၂ | ၁၇၀၇၉၈ |
| ၈။ | တောင်ကိုရီးယား | ၁၉၂၁၁၆၁၃ | ၁၈၄၀၈၅၀၄ | ၂၄၈၇၃ |
| ၉။ | ရုရှား | ၁၈၅၃၂၂၅၅ | ၁၇၉၃၈၆၇၄ | ၃၈၂၁၅၅ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

## ၂၄-၇-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၆၇၉၄၈ | ၉၈၆၁၂၇၆ | ၄၃၀၉၂ |
| အင်ဒိုနီးရှား | ၆၁၆၈၃၄၂ | ၅၉၇၀၉၈၈ | ၁၅၆၉၀၂ |
| မလေးရှား | ၄၆၄၈၉၃၁ | ၄၅၆၃၄၇၃ | ၃၅၉၁၁ |
| ထိုင်း | ၄၅၇၅၈၅၃ | ၄၅၁၉၉၉၄ | ၃၁၁၆၀ |
| ဖိလစ်ပိုင် | ၃၇၅၂၅၃၄ | ၃၆၆၄၇၃၅ | ၆၀၆၈၃ |
| စင်ကာပူ | ၁၆၅၂၉၈၁ | ၁၅၅၂၁၁၈ | ၁၄၇၂ |
| မြန်မာ | ၆၁၃၉၅၁ | ၅၉၂၈၀၉ | ၁၉၄၃၄ |
| လာအို | ၂၁၀၇၈၉ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၉၅၁၁၃ | ၁၆၄၁၁၆ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၅၈၈ | ၁၃၃၃၉၈ | ၃၀၅၆ |

# သတိပြုဆောင်ရွက်သင့်သည့် မြေဆီလွှာထိန်းသိမ်းရေးနည်းလမ်းများ

မာရီးထွေး (စိုက်ပျိုးရေးဦးစီးဌာန)

**မြေဆီလွှာထိန်းသိမ်းရေးဆိုသည်မှာ**

မြေဆီလွှာထိန်းသိမ်းရေးဆိုသည်မှာ မြေဆီလွှာ၏ ထုတ်လုပ်နိုင်စွမ်း (productive capacity) ကို ထိန်းသိမ်းရန်၊ ရွာသွန်းသည့်မိုးရေကို အကျိုးရှိရှိအသုံးချရန်နှင့် ယင်းရွာချသည့်မိုးရေနှင့်အတူ မြေဆီလွှာများ တိုက်စားမျောပါမသွားစေရန်အတွက် ရေမြေဒေသနှင့် ကိုက်ညီသည့် မြေဆီလွှာထိန်းသိမ်းရေးဆောင်ရွက်ချက်လုပ်ငန်းများ ဖြစ်သည်။

**မြေဆီလွှာထိန်းသိမ်းရေး၏ သမိုင်းကြောင်းအစ**

မြေဆီလွှာထိန်းသိမ်းရေး၏ သမိုင်းကြောင်းကို ဆွေးနွေးရမည်ဆိုလျှင် မြေဆီလွှာထိန်းသိမ်းရေး၏ ဖခင်ကြီးဖြစ်သော Hugh Hammond Bennett မှ စတင်ရမည် ဖြစ်ပါသည်။ H.H. Bennett သည် ရေနှင့်လေတို့၏ တိုက်စားမှုကြောင့် စိုက်ပျိုးမြေများ၏ ရေရှည်ထုတ်လုပ်နိုင်စွမ်းအားကျဆင်းခြင်း၊ မြေဆီလွှာ၏ လက္ခဏာများ လျော့နည်းလာခြင်းကို တွေ့ရှိပြီးနောက် ၁၉၂၈ ခုနှစ်တွင် **“မြေဆီလွှာတိုက်စားခြင်း-အမျိုးသားရေးအန္တရာယ်(Soil Erosion:A National Menace)”** ဟူသည့် ဆောင်းပါးကို ရေးသားခဲ့ပြီး မြေဆီလွှာတိုက်စားခြင်း၏ အကျိုးဆက်များကို စတင်မိတ်ဆက်ပေးခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် ၁၉၃၂ ခုနှစ် ဝန်းကျင်များတွင် ရေနှင့်မြေဆီလွှာ ထိန်းသိမ်းရေးလုပ်ငန်းများသည် အမေရိကန်နိုင်ငံ၏ ပထမအဆင့်ဦးစားပေးလုပ်ငန်းများ ဖြစ်လာခဲ့သည်။

**မြေဆီလွှာထိန်းသိမ်းရေး၏ ရည်ရွယ်ချက်**

မြေဆီလွှာထိန်းသိမ်းရေး၏ ရည်ရွယ်ချက်များမှာ မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်နှင့်လျှော့ချရန်၊ အပေါ်ယံမြေမျက်နှာပြင်တွင် ရေစီးဆင်းမှုကိုထိန်းချုပ်ရန်၊ မြေကျပ်ခြင်းနှင့် ဆားပေါက်သည့်ပြဿနာများ လျော့နည်းလာစေရန်၊ မြေဆီလွှာအာဟာရဓာတ်ကြွယ်ဝလာစေရန်၊ မြေအောက်ရေတိုးလာစေရန်အတွက် သွင်းရေ၊ ပိုလျှံနေသောရေများနှင့် မိုးရေများကို စုဆောင်းထိန်းသိမ်းရန်တို့ ဖြစ်သည်။

မြေဆီလွှာနှင့် ရေထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းလမ်း(၃)သွယ်ဖြစ်သည့်

(၁) ရုပ်ပိုင်းဆိုင်ရာနည်းဖြင့်ထိန်းသိမ်းခြင်း(Physical Measure)

(၂) အပင်များ၊သဘာဝပေါက်ပင်များ စိုက်ပျိုးခြင်းဖြင့် ထိန်းသိမ်းခြင်း(Biological Measure)နှင့်

(၃) သီးနှံစိုက်နည်းစနစ်များ ပုံစံများအသုံးပြု၍ မြေဆီလွှာထိန်းသိမ်းခြင်း (Agronomic Measure) ဖြင့် ဆောင်ရွက်နိုင်သည်။

သို့သော် တစ်မျိုးချင်းစီဆောင်ရွက်ခြင်းထက် ရေမြေရာသီဥတုအခြေအနေအပေါ်မူတည်၍ တစ်နည်းထက်ပို၍ ပေါင်းစပ်ဆောင်ရွက်သင့်ပါသည်။




ရုပ်ပိုင်းဆိုင်ရာနည်းဖြင့် မြေဆီလွှာထိန်းသိမ်းခြင်း။

**(၁) ရုပ်ပိုင်းဆိုင်ရာနည်းဖြင့် ထိန်းသိမ်းခြင်း**

မြေဆီလွှာနှင့် ရေထိန်းရန်အတွက် မြေသား/ကျောက်သားများဖြင့် ရုပ်ပိုင်းဆိုင်ရာ ကွန်တိုကန်သင်းများ၊ ဆည်များ တည်ဆောက်ခြင်း ဖြစ်ပါသည်။ နုန်းတားကန်သင်း/ ကျောက်စီကန်သင်းများ တည်ဆောက်ခြင်းအားဖြင့် မြေကြီးထဲသို့ ရေစိမ့်ဝင်မှုတိုးလာစေပြီး ရေထိန်းနိုင်စွမ်းအား ကောင်းလာစေသည်။ တိုက်စားစီးဆင်းရေ၏ ပမာဏနှင့် ရေစီးအရှိန်ကို လျှော့ချနိုင်ပြီး အပင်များမှစုပ်ယူနိုင်သော ရေပမာဏကိုလည်း တိုးလာစေနိုင်ပါသည်။ ထို့ကြောင့် သီးနှံစိုက်ပျိုးရာသီတစ်လျှောက် အပင်မှ အစိုဓာတ်ရရှိနိုင်သဖြင့် သီးနှံစိုက်ပျိုးနိုင်သည့် စိုက်ဧက တိုးလာပြီး သီးနှံအထွက်ကိုပါ တိုးလာနိုင်စေပါသည်။

ရုပ်ပိုင်းဆိုင်ရာနည်းဖြင့် ထိန်းသိမ်းခြင်းနည်းဖြင့် အပူပိုင်းဒေသတွင် ဆောင်ရွက်နိုင်သည့် မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများမှာ-

(၁) နုန်းတားဆည် (Sediment Storage Dam)

(၂) နုန်းတားကန်သင်း (Sediment Storage bund)

(၃) ကွန်တိုကန်သင်း (Stone/Soil contour bund)


(၄) ရေကျော်ကျောက်တန်း (Check dam)

(၅) အပင်စိုက်ကျင်းများ (Planting Pits) ဖြစ်သည်။

**(၂) အပင်များ၊ သဘာဝပေါက်ပင်များ စိုက်ပျိုးခြင်းဖြင့် ထိန်းသိမ်းခြင်း**

မိုးရေပေါက်များ မြေဆီလွှာကို တိုက်ရိုက်ထိမှန်ခြင်း မရှိစေရန်နှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန်အတွက် အပင်/ သဘာဝပေါက်ပင်နှင့် မြက်ပင်များ စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကို ကာကွယ်သည့်နည်းစနစ် ဖြစ်ပါသည်။ ဤစနစ်ကိုအသုံးပြုခြင်းအားဖြင့် မြေဆီလွှာရေတိုက်စားမှုကို ကာကွယ်နိုင်ခြင်း၊ တိုက်စားစီးဆင်းရေ၏အရှိန်ကိုလျှော့ချနိုင်ပြီး နုန်းအနည်များနှင့် မြေမှုန်များ စုပုံလာစေခြင်း၊ အပင်များစိုက်ပျိုးခြင်းအားဖြင့် သစ်ဆွေးဓာတ်များ ကြွယ်ဝလာ၍ မြေဆီလွှာ၏ဂုဏ်သတ္တိများ ကောင်းလာခြင်း၊

*စာမျက်နှာ ၁၈ သို့*







အပင်များ၊ သဘာဝပေါက်ပင်များ စိုက်ပျိုးခြင်းနည်းဖြင့် မြေဆီလွှာထိန်းသိမ်းခြင်း(အပေါ်ပုံ)

သီးနှံစိုက်နည်းစနစ်များ ပုံစံများအသုံးပြု၍ မြေဆီလွှာထိန်းသိမ်းခြင်း(ယာပုံ)

# ပန်းနာရင်ကျပ်ရောဂါအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

ပေါက်ပေါက်

**ပန်းနာရင်ကျပ်ရောဂါကို ဆေးသိပ္ပံနည်းအရ Asthma ဟုခေါ်သည်။ Asthma ဆိုသော ဝေါဟာရမှာ ရှေးကျသော ဂရိဘာသာစကားဖြစ်သည်။ တိုတောင်းလျင်မြန်စွာ အသက်ရှူခြင်း(Panting or Short drawn breath)ဟု အဓိပ္ပာယ်ရသည်။ ပန်းနာရင်ကျပ်ရောဂါသည် ဓာတ်မတည့်ရောဂါတစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်၏ တုံ့ပြန်မှုက အသက်ရှူလမ်းကြောင်းတွင် ကြီးစွာသောပြဿနာကို ဖြစ်စေသည်။ ကျား၊ မ အရွယ်သုံးပါးမရွေး ဖြစ်ပေါ်ခံစားရတတ်သည်။ အများအားဖြင့် မိဘမျိုးရိုးဗီဇကြောင့် ဖြစ်လေ့ရှိသည်။ ညသန်းခေါင် သို့မဟုတ် နံနက်လင်းအားကြီးအချိန်များတွင် ရောဂါထဖောက်လေ့ရှိပြီး ချွေးစေးများထွက်လာကာ တရှီရှီမြည်၍ အသက်ရှူကျပ်ခြင်းကြောင့် အလွန်ပင်ပန်းလှသလို ရောဂါခံစားနေရသူကို ဘေးမှ မြင်ရ၊ ကြားရသူအဖို့မှာလည်း စိတ်မသက်သာလှပေ။ ထိုသို့ ချိန်ခါမရွေး ပန်းနာရင်ကျပ်ရောဂါရှိသူများသည် အသက်ရှူသွင်းရသော အကူကိရိယာလေးကို အမြဲ ဆောင်ထားကြရသည်။**



သို့သော် ဝေဒနာသည်အများစုက ထိုအသက်ရှူကိရိယာဘူးလေးကို နည်းမှန်လမ်းမှန် အသုံးမပြုတတ်ကြခြင်း၊ ရှူသွင်းသောအခါ သက်ဆိုင်ရာနေရာတွင် တစ်ဆယ်စက္ကန့်ကြာအောင် မထားရှိခြင်း၊ အက်ဒရီနယ်လင်ကို ထိုးသွင်းရန်လိုအပ်သော လူနာများမှာလည်း ၁၆ ရာခိုင်နှုန်းလောက်သာ မှန်မှန်ကန်ကန် ထိုးသွင်းနိုင်ခြင်းစသည့် သက်ဆိုင်ရာဆေးပစ္စည်းကိရိယာများကို မှန်မှန်ကန်ကန် မသုံးစွဲတတ်ကြသဖြင့် အချိန်မီအသက်ကယ်ဆယ်ရေးကို လက်လွတ်ဆုံးရှုံးနေကြရကြောင်း ဗြိတိန်နိုင်ငံရှိ ပန်းနာရင်ကျပ်ရောဂါဆိုင်ရာအဖွဲ့အစည်းက သတိပေး နှိုးဆော်လျက်ရှိသည်။

အထူးသတိပြုရန်မှာ ပန်းနာရင်ကျပ်ရောဂါရှိသော အမျိုးသမီးများသည် မျိုးအောင်နိုင်မှုပြဿနာကြုံတွေ့နိုင်ပြီး ထိုရောဂါဝေဒနာခံစားနေရသော အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်နိုင်ရန် ပျမ်းမျှ အချိန် ၅၅ လနှင့်အထက် ကြာမြင့်နိုင်သည်။ ထို့ကြောင့် ပန်းနာရင်ကျပ်ရှိသော အမျိုးသမီးများအနေဖြင့် ကိုယ်ဝန်မဆောင်ခင် ၎င်းရောဂါဝေဒနာကို အရှိန်မြင့် ကုသမှုခံယူသင့်သည်။

**ရောဂါလက္ခဏာများ**

ပန်းနာရင်ကျပ်ရောဂါဖြစ်သောအခါ ထိုဝေဒနာ၏ စေ့ဆော်မှုကြောင့် အသက်ရှူလမ်းကြောင်းကျဉ်းသွားလေ့ရှိသည်။ လေချွန်သံကဲ့သို့ တရှီရှီမြည်ခြင်း၊ ပြတ်တောင်းပြတ်တောင်း အသက်ရှူခြင်း သို့မဟုတ် အသက်ရှူရခက်ခဲခြင်း၊ ရင်ဘတ်တင်းကျပ်ခြင်း၊ ချောင်းဆိုးခြင်း၊ ချွဲသံပါခြင်း စသည်တို့ကလည်း ပန်းနာရင်ကျပ်ရောဂါ၏ လက္ခဏာများဖြစ်သည်။ ပန်းနာဝေဒနာသည် အများစုက သိပ်မပြင်းထန်လှသော်လည်း အချို့မှာ သေလောက်သည်အထိ အသက်ရှူမွန်းကျပ်စွာ ခံစားကြရသည်။ နာတာရှည် ပန်းနာဖြစ်ခြင်းကြောင့် အသက်ရှူလမ်းကြောင်းနှင့် လေပြွန်နံရံများ ပို၍ထူလာကာ ပိတ်ဆို့မွန်းကျပ်မှုကို ဖြစ်စေသည်။ ထိုအခြေအနေမျိုးတွင် ပန်းနာပျောက် ရှူဆေးကိရိယာကို မဖြစ်မနေ သုံးစွဲရပါမည်။

ဝေဒနာပြင်းထန်သော်လည်း ကျန်းမာရေးအတွက် ညီညွတ်မျှတစွာနေထိုင်ပြီး နည်းစနစ်တကျ စားသောက်ပေးခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါကို တဖြည်းဖြည်း လျှော့ချနိုင်သည်။ ပန်းနာရင်ကျပ်ရောဂါသည် ရေရှည်ကုသရန် လိုအပ်သဖြင့် မိသားစုဆရာဝန်နှင့် မပြတ်စစ်ဆေးပြသရန် လိုအပ်သည်။

**သတိပြုရှောင်ကြဉ်ရန်**

ပန်းနာရင်ကျပ်ဝေဒနာသည်များ အနေဖြင့် အောက်ပါ အပြုအမူ၊ အနေအထိုင်များကို သတိပြုရှောင်ရှားသင့်သည်။

ဖုန်အမှုန်များ၊ တိရစ္ဆာန်အမွေးအမှင်များ၊ ပန်းဝတ်မှုန်များ၊ ရနံ့စူးရှသော အစားအသောက်၊ ရေမွှေး၊ ပန်းရနံ့တို့က ဓာတ်မတည့်မှုဖြစ်ကာ ပန်းနာရင်ကျပ် ထလာစေနိုင်၍ သတိနှင့် ဆင်ခြင်နေထိုင်ပါ။

> “လေ့လာမှုမှတ်တမ်းများအရ ဗြိတိန်နိုင်ငံ၌ ၂၀၁၈ ခုနှစ်မှစ၍ လူ ၅ ဒသမ ၄ သိန်းအထိ (လူ ၁၂ ဦးတွင် တစ်ဦးနှုန်း) ပန်းနာရင်ကျပ်ရောဂါခံစားနေရပြီး သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ ပုံမှန်စားသောသူများတွင် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်သည့်အန္တရာယ် ၃၀ ရာခိုင်နှုန်း နည်းပါးကြောင်း ပါရီတက္ကသိုလ်မှ သုတေသီများက လေ့လာတွေ့ရှိခဲ့ကြသည်။ အဆုတ်ရောင်ခြင်း သို့မဟုတ် အဆုတ်ပွခြင်းကြောင့် ဖြစ်ပေါ်သော ပန်းနာရင်ကျပ်ရောဂါအတွက် ဟင်းသီးဟင်းရွက် သစ်သီးဝလံများတွင်ပါရှိသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် နာတာရှည်ရောင်ရမ်းမှုကို တိုက်ဖျက်ပေးနိုင်သည့် ဂုဏ်သတ္တိများက လွန်စွာအထောက်အကူပြုနိုင်သည်”

အေးမြသောလေ သို့မဟုတ် စွတ်စိုထိုင်းမှိုင်းသော လေများကို ရှူရှိုက်ရသောအခါ ရောဂါပိုကြွစေနိုင်၍ အေးသောရာသီမှာ နှာခေါင်းနှင့် ပါးစပ်တို့ကို ခေါင်းစည်းပဝါနှင့် စည်းပတ်ထားပါ။

အပူအအေးလွန်ကဲခြင်း၊ နှာစေးခြင်း၊ အအေးမိခြင်း၊ တုပ်ကွေးဖျားနာခြင်းကလည်း ရောဂါကို ကြွစေတတ်သည်။

အမှိုက်များ မီးရှို့သည့်နေရာသို့မဟုတ် ထင်းနှင့် ချက်ပြုတ်သော မီးဖိုဘေးမှာ မနေပါနှင့်။ စီးကရက်အငွေ့က အသက်ရှူလမ်းကြောင်းကို လှုံ့ဆော်နှိုးဆွသဖြင့် ဆေးလိပ်မသောက်ပါနှင့်။ ဆေးလိပ်သောက်သူများနှင့် ဝေးဝေးနေပါ။

ထမင်းကို ပမာဏနည်းနည်းနှင့် အကြိမ်များများ ခွဲစားပါ။ အစာအိမ်အက်စစ်များအပေါ်သို့ ဆန်တက်လာခြင်းက ရင်ပူနာဖြစ်စေကာ ပန်းနာရင်ကျပ်ထခြင်းကို အစပျိုးပေးနိုင်၍ အိပ်ရာမဝင်ခင် ထမင်းမစားပါနှင့်။

ပန်းနာရင်ကျပ်ရှိသူ၏ ငါးရာခိုင်နှုန်းခန့်မှာ အကိုက်အခဲပျောက်ဆေး(NSAIDS)များနှင့် ဓာတ်မတည့်တတ်ကြပေ။ ထိုသူများအတွက် အက်စ်ပရင်မပါသော အကိုက်အခဲပျောက်ဆေးတစ်မျိုးဖြစ်သည့် Acetaminophen(Tyneno) ကိုသာ သုံးစွဲပါ။

**အိမ်တွင်းကုထုံးများ**

ပျားရည်က ချွဲများကို ပျော်ကျစေပြီး အသက်ရှူလမ်းကြောင်းကိုပွင့်စေသဖြင့် ပျားရည်ရနံ့ကို ရှူရှိုက်ပေးပါ။ ရေနွေးပူပူတစ်ခွက်ထဲမှာ ပျားရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်း ရောဖျော်၍ တစ်နေ့နှစ်ကြိမ်ကျ စုစုပေါင်း နှစ်ခွက်သောက်ပါ။

သဖန်းသီးအခြောက်များကို ရေနွေးစိမ်၍ တစ်ညသိပ်ထားပါ။ နံနက်အိပ်ရာထ ထိုစိမ်ထားသောရေကို သောက်ပေးခြင်းဖြင့် ချွဲသလိပ်များ ပျော်ဆင်းသွားစေနိုင်သည်။ (ထိုနည်းအတိုင်း နှစ်လတိတိ ဆက်သောက်ပါ)

ပန်းနာရင်ကျပ်ထနေချိန် သံပရာရည်သောက်ပေးခြင်းကလည်း ထူးခြားသက်သာစေနိုင်သည်။

ချင်းနှင့် ပဲနံ့သာပင်ပြုတ်ရည်ထဲကို ပျားရည်ခတ်၍ နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် သောက်ပါ။

ကြက်သွန်ဖြူက ပန်းနာရင်ကျပ်အတွက် အကောင်းဆုံး မီးဖိုချောင်ဆေးဝါးဖြစ်သည်။ ကြက်သွန်ဖြူ ၁၀ မွှာကို နွားနို့ ၃၀ မီလီလီတာဖြင့် ပြုတ်၍ တစ်နေ့တစ်ကြိမ်သောက်ပါ သို့မဟုတ် ရေနွေးဆူဆူမှာ ကြက်သွန်ဖြူ လေးမွှာခတ်၍ အချိန် ငါးမိနစ်ခန့် အအေးခံပါ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်ပေးခြင်းဖြင့် ပန်းနာရောဂါ သိသိသာသာ လျော့ကျစေသည်။

ပန်းနာရောဂါထနေချိန်တွင် မုန်ညင်းဆီကို ပရုတ်ဆီနှင့်ရော၍ ကျောနှင့်ရင်ဘတ်အနှံ့ စိမ့်ဝင်သွားအောင် ပွတ်နယ်လိမ်းပေးပါ။ အသက်ရှူလမ်းကြောင်း ပုံမှန်အတိုင်း ပွင့်လာပါလိမ့်မည်။

အစေ့ထုတ်ထားသော ဆီးဖြူသီး ငါးဂရမ်ကို ပျားရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်းဖြင့် ရောနှောစားပေးပါ။ ထိုသို့စားခြင်းဖြင့် ရောဂါသက်သာသည့်အပြင် အင်အားများ ပြန်လည်ပြည့်လာစေနိုင်သည်။

ဒန့်သလွန်ရွက် လက်တစ်ဆုပ်စာပမာဏကို ရေ ၁၈၀ မီလီလီတာဖြင့် အချိန် ငါးမိနစ်မျှပြုတ်ကာ ခပ်နွေးနွေးသောက်ပြီး အရွက်များ ဝါးစားပါ။

အိုမီဂါ-၃ ဖက်တီးအက်စစ်ပါရှိသော ဆယ်လ်မွန်ငါးများက ပန်းနာရင်ကျပ်ကို သိသိသာသာ လျော့ကျစေနိုင်သည်။

**တိုင်းရင်းကုထုံးများ**

ပင်စိမ်းရွက်အခြောက်ကို မီးမြိုက်၍ ရှူရှိုက်ပေးပါ။ ထိုရနံ့က လူကို လန်းဆန်းပေါ့ပါးစေကာ အာရုံစူးစိုက်မှု အားကောင်းလာစေသည်။

ပဲစင်းငုံကို တစ်နေ့ နို့ဆီဘူးတစ်ဘူး ဆားခတ်၍ ပြုတ်စားပါ။ သိသိသာသာ ပန်းနာရင်ကျပ် သက်သာစေသည်။ ထိုပမာဏအတိုင်း အချိန်လေးလကြာ စားပေးပါက ရောဂါ လုံးဝပျောက်ကင်းစေနိုင်သည်။

အမှုန့်ကြိတ်ထောင်းထားသော နတ်ဆေးဂမုန်း နှစ်ကျပ်သားကို ပျားရည်တစ်ပုလင်းတွင် ရောစပ်မွှေ၍ အချိန်သုံးရက်ကြာ နေလှန်းပါ။ ထောပတ် ၂၀ ကျပ်သားရောထည့်ပြီး နာနာမွှေကာ နောက်ထပ်လေးရက်ဆက်၍ နေလှန်းပေးပါ။ စုစုပေါင်း ခုနစ်ရက်တိတိ နေလှန်းပြီးပါက လက်ဖက်ရည်ဇွန်းဖြင့် နံနက်၊ ည တစ်ဇွန်းကျစီ တစ်နေ့နှစ်ကြိမ်စားပြီး ရေနွေးအဖန်ရည်သောက်ပေးပါ။

ရှောက်သီးတစ်လုံးနှင့်အတူ လင်းနေမြစ်၊ ဒန့်သလွန်မြစ်၊ သင်္ဘောဖိုမြစ်၊ (ထိုအမြစ် သုံးမျိုးနှင့် အလေးချိန်တူ ရှောက်သီးတစ်လုံး)တို့ကို မြေအိုးထဲထည့် လုံအောင်ပိတ်ပြီး ကျွမ်းအောင်ဖုတ်၍ အမှုန့်ကြိတ်ပါ။ ထိုဆေးမှုန့်ကို တစ်နေ့ အနည်းဆုံး နှစ်ကြိမ် လျက်စားပါ။

ဟင်းခတ်မဆလာနှင့် ပျားရည် ဆတူရောပြီး လျက်ပေးပါ။

**သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် များများစား**

လေ့လာမှုမှတ်တမ်းများအရ ဗြိတိန်နိုင်ငံ၌ ၂၀၁၈ ခုနှစ်မှစ၍ လူ ၅ ဒသမ ၄ သိန်းအထိ (လူ ၁၂ ဦးတွင် တစ်ဦးနှုန်း) ပန်းနာရင်ကျပ်ရောဂါခံစားနေရပြီး သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ ပုံမှန်စားသောသူများတွင် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်သည့်အန္တရာယ် ၃၀ ရာခိုင်နှုန်း နည်းပါးကြောင်း ပါရီတက္ကသိုလ်မှ သုတေသီများက လေ့လာတွေ့ရှိခဲ့ကြသည်။ အဆုတ်ရောင်ခြင်း သို့မဟုတ် အဆုတ်ပွခြင်းကြောင့် ဖြစ်ပေါ်သော ပန်းနာရင်ကျပ်ရောဂါအတွက် ဟင်းသီးဟင်းရွက် သစ်သီးဝလံများတွင် ပါရှိသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် နာတာရှည်ရောင်ရမ်းမှုကို တိုက်ဖျက်ပေးနိုင်သည့် ဂုဏ်သတ္တိများက လွန်စွာအထောက်အကူပြုနိုင်သည်။

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၆ မှ*

အပင် အမြစ်များ ထိုးဆင်းမှုကြောင့် မြေမှုန်ဖွဲ့စည်းမှုကောင်းလာပြီး ရေစိမ့်ဝင်နိုင်မှုကောင်းလာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။

အပင်များ၊ သဘာဝပေါက်ပင်များ စိုက်ပျိုးခြင်းဖြင့် မတ်စောက်သော ကုန်းမြင့်နေရာများမှ စီးဆင်းလာသည့် နုန်းအနည်အနှစ်များ၊ မြေမှုန်များ၊ အာဟာရဓာတ်များနှင့် ဓာတုပိုးသတ်ဆေးများကို စုဆောင်းဖမ်းယူနိုင်ပြီး ပေါင်းမြက်ပေါက်ရောက်မှုကိုလည်း နှိမ်နင်းနိုင်ပါသည်။ အပင်များ၊ သဘာဝပေါက်ပင်များ စိုက်ပျိုးခြင်းနည်းဖြင့် မြေဆီလွှာနှင့်ရေကို ထိန်းသိမ်းနိုင်သော နည်းလမ်းများမှာ-

(၁) လေကာပင်များ (သို့မဟုတ်)အကာအကွယ် ချုံပုတ်ပင်များ စိုက်ပျိုးခြင်း
(၂) သဘာဝရေသွင်း/ရေထုတ်မြောင်းများတွင် မြက်များ စိုက်ပျိုးခြင်း
(၃) သစ်တောများပြန်လည်စိုက်ပျိုးခြင်း
(၄) သဘာဝအပင်စိုက်တန်းများ စိုက်ပျိုးခြင်း
(၅) ဗက်တီဗာနှင့် နေဗီယာမြက်များ စိုက်ပျိုးခြင်း
(၆) စည်းရိုးတန်းများစိုက်ပျိုးခြင်းတို့ ဖြစ်ပါသည်။

**(၃) သီးနှံစိုက်နည်းစနစ်များ ပုံစံများအသုံးပြု၍ ထိန်းသိမ်းခြင်း**

သီးနှံစိုက်နည်းစနစ်များနှင့် သီးနှံပုံစံများ၊ မြေယာအသုံးချမှုပုံစံနှင့် မြေယာပြုပြင်စီမံသည့် နည်းစနစ်များ (Soil management) စသည်တို့ကို ဆောင်ရွက်ခြင်းအားဖြင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်သောနည်းလမ်း ဖြစ်ပါသည်။

သီးနှံစိုက်နည်းစနစ်များ ပုံစံများအသုံးပြု၍ မြေဆီလွှာ ထိန်းသိမ်းခြင်းအားဖြင့် မြေဆီလွှာကို အကာအကွယ်ပေးခြင်း၊ ဖုံးထားပေးခြင်းဖြင့် မြေဆီလွှာတိုက်စားမှုကို လျော့နည်းသက်သာစေပြီး အစိုဓာတ်ကို ထိန်းထားနိုင်ခြင်း၊ သစ်ဆွေးဓာတ်နှင့် အာဟာရဓာတ်များ မြေကြီးထဲသို့ ပြန်လည်ထည့်သွင်းပေးနိုင်ခြင်း၊ လွှတ်ကျောင်းစနစ်များစီမံခြင်းဖြင့် မြေဆီလွှာတိုက်စားမှု လျော့နည်းစေခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းအားဖြင့် ဂေဟစနစ်ကို ပိုမိုကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။

စိုက်နည်းစနစ်များဖြင့် မြေဆီလွှာထိန်းသိမ်းခြင်းတွင် အကန့်လိုက်စိုက်ပျိုးခြင်း (Strip cropping)၊ သီးရောစိုက်ပျိုးခြင်း(Mixed cropping)၊ သီးလှည့်စိုက်ပျိုးခြင်း (Crop rotation)၊ မြေလှပ်ခြင်း (Intercropping)၊ သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေး (Conservation tillage)၊ ထယ်ရေးမဲ့စိုက်ပျိုးခြင်း (Zero tillage) နှင့် အနည်းဆုံးထွန်ယက်စိုက်ပျိုးခြင်း(Minimum tillage)တို့ ပါဝင်သည်။

မြေဆီလွှာစီမံခန့်ခွဲမှုနှင့် မြေဆီလွှာထိန်းသိမ်းခြင်းတို့တွင် စားကျက်မြေများကို စနစ်တကျစီမံခြင်း၊ ကွန်တိုအလိုက် ထယ်ထိုးထွန်မွှေခြင်း၊ သီးနှံပင် အကြွင်းအကျန်များဖြင့် မြေဖုံးခြင်း၊ မြေဖုံးပင်စိုက်ပျိုးခြင်း၊ သစ်စိမ်းမြေဩဇာ စိုက်ပျိုးထည့်သွင်းခြင်း၊ မြေဆွေးပြုလုပ်၍ သဘာဝမြေဩဇာထည့်သွင်းခြင်းနှင့် မြေဆီဩဇာ ထက်သန်စေရန် ဓာတုမြေဩဇာများကို စနစ်တကျအသုံးပြုခြင်းတို့ ဖြစ်ပါသည်။

မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်မည့်ဒေသ၏ မြေယာပုံသဏ္ဌာန်(တောင်ယာ/ကိုင်း/လယ်)၊ မြေယာအသုံးချမှု (စိုက်ပျိုးမြေ၊ စားကျက်မြေ၊ သစ်တောမြေ၊ လျှိုမြောင်)၊ မြေအမျိုးအစား၊ လျောစောက်ရာခိုင်နှုန်း၊ မြေသားအနက်၊ မိုးရွာသွန်းမှု(မိုးရေချိန်)၊ စိုက်ပျိုးသည့်သီးနှံ၊ ကျောက်တုံး ကျောက်ခဲ၊ ခိုင်းကျွဲ/နွား ရရှိနိုင်မှု၊ အလုပ်သမားရရှိနိုင်မှုနှင့် ငွေကြေးကုန်ကျစရိတ် အပေါ်မူတည်ပြီး ဆောင်ရွက်ရပါသည်။

**❒ မြန်မာနိုင်ငံအလယ်ပိုင်းကဲ့သို့ ဒေသများတွင် ဆောင်ရွက်ရသည့် မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများသည် ရုပ်ပိုင်းဆိုင်ရာနည်းဖြင့် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် နုန်းတားဆည်/ကွန်တိုကန်သင်းများ တည်ဆောက်ရာတွင် မြေနေရာယူခြင်း၊ စိုက်ခင်းဧရိယာပုပ်ခြင်း၊ ထွန်/ထယ်ဝင်ရာတွင်လည်း ကန်သင်းပတ်လည်တွင် နွားလှည့်ရခက်ခဲခြင်းတို့ကြောင့် တောင်သူများ၏လက်ခံမှုနှင့် အနီးအနားရှိတောင်သူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ငွေကြေးအထောက်အပံ့ပေးနိုင်မှုနှင့် တည်ဆောက်ပြီးသည့်အခါတွင်လည်း ဆက်လက်ထိန်းသိမ်းရန်လိုအပ်မှု ဆန္ဒသဘောထားများသည် မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများဖြစ်ပါသည်**

**မြေဆီလွှာထိန်းသိမ်းရေး လက်တွေ့ဆောင်ရွက်ရာတွင် အရေးကြီးသည့် အချက်များ**

ထို့ကြောင့် မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူများ၏ မြေဆီလွှာတိုက်စားဆုံးရှုံးမှုနှင့်ဆိုင်သည့် ဗဟုသုတ၊ သဘာဝအရင်းအမြစ်ရေနှင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ချင်သည့် ဆန္ဒသဘောထား၊ စိတ်အားထက်သန်မှုနှင့် လက်ခံမှုတို့သည် အင်မတန် အရေးကြီးပါသည်။ ထို့ပြင် မြန်မာနိုင်ငံအလယ်ပိုင်းကဲ့သို့ ဒေသများတွင် ဆောင်ရွက်ရသည့် မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများသည် ရုပ်ပိုင်းဆိုင်ရာနည်းဖြင့် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် နုန်းတားဆည်/ကွန်တိုကန်သင်းများ တည်ဆောက်ရာတွင် မြေနေရာယူခြင်း၊ စိုက်ခင်းဧရိယာပုပ်ခြင်း၊ ထွန်/ထယ်ဝင်ရာတွင်လည်း ကန်သင်းပတ်လည်တွင် နွားလှည့်ရခက်ခဲခြင်းတို့ကြောင့် တောင်သူများ၏လက်ခံမှုနှင့် အနီးအနားရှိတောင်သူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ငွေကြေးအထောက်အပံ့ပေးနိုင်မှုနှင့် တည်ဆောက်ပြီးသည့်အခါတွင်လည်း ဆက်လက်ထိန်းသိမ်းရန်လိုအပ်မှု ဆန္ဒသဘောထားများသည် မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများဖြစ်ပါသည်။

သို့ရာတွင် မြေဆီလွှာသည် စာရေးသူတို့လူသားမျိုးနွယ်အားလုံး၏ စား၊ ဝတ်၊ နေရေး အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အဓိကကျပြီး ပြန်လည်အစားထိုး၍မရနိုင်သည့် သဘာဝအရင်းအမြစ်ဖြစ်သည့်အပြင် မြေဆီလွှာဖြစ်ပေါ်မှုသည် အချိန်ကြာသည့်အတွက် မြေဆီလွှာကို တိုက်စားပျက်စီးခြင်းမဖြစ်စေဘဲ ကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများသည် အရေးကြီးပါသည်။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပတ်ဝန်းကျင်နှင့်သက်ရှိများ၊ သဘာဝပေါက်ပင်များနှင့် သဘာဝသယံဇာတများကို အလွန်အကျွံသုံးစွဲလာမှု၊ လူတို့၏ပြုပြင်ဖန်တီးမှု၊ နေထိုင်မှုပုံစံတို့ကြောင့် ဂေဟစနစ်များ ယိုယွင်းလာပြီး Biodiversity ဆုံးရှုံးမှုများလာခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ မိုးခေါင်ရေရှား ပြဿနာများသည် ယနေ့ ၂၁ ရာစု၏ စိန်ခေါ်မှုများပင်ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် သဘာဝသယံဇာတအရင်းအမြစ် မြေဆီလွှာကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်လာပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

---

*စာမျက်နှာ ၁၇ မှ*

ထို့ပြင် ကျန်းမာရေးနှင့်အညီ ဟင်းသီးဟင်းရွက် သစ်သီးဝလံစားသုံးမှုများသူတို့သည် ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားနိုင်ခြေ ပိုနည်းပြီး ၎င်းရောဂါရှိနှင့်ပြီးသူများတွင်လည်း ဝေဒနာခံစားရနိုင်သည့်အန္တရာယ် နည်းပါးကြောင်း ပြင်သစ်သုတေသီများက အကြံပြုထားကြသည်။ အသားများနှင့် ဆားငန်သော သို့မဟုတ် သကြားပါသော အစားအစာများ စားခြင်းကြောင့် ပန်းနာရောဂါထိန်းချုပ်ရန် ပိုခက်ခဲစေနိုင်ကြောင်းကိုလည်း ပြင်သစ်သုတေသီများက သတိပေးထားသည်။

**ကောင်းကျိုးပြုသော သစ်သီးများ**

မုန်လာဥနီက အသက်ရှူလမ်းကြောင်းရှိ အကျိအချွဲများကို ရှင်းထုတ်ပေးနိုင်သော အကောင်းဆုံးအစားအစာဖြစ်သည်။ ပန်းနာရောဂါရှိသူများအနေဖြင့် ဝေဒနာအခြေအနေ မပြင်းထန်စေဖို့အတွက် မုန်လာဥနီကို မဖြစ်မနေစားပေးသင့်သည်။ မုန်လာဥနီကို ကြိတ်ချေ၍ ဖျော်ရည်အဖြစ်လည်း သောက်သုံးနိုင်သည်။ ၎င်းမုန်လာဥနီဖျော်ရည်ထဲသို့ တရုတ်နံနံပင်ထည့်၍ ဖျော်သောက်ခြင်းက ပန်းနာရောဂါအတွက် ပိုမို ဆေးစွမ်းထက်မြက်စေသည်။

မုန်လာဥနီအရသာကို လုံးဝမနှစ်သက်သူများအတွက် အခြားသော နည်းလမ်းကောင်းများ ရှိပါသည်။ ဗီတာမင်စီ၊ ဗီတာကယ်ရိုတင်းနှင့် ဖလေဗိုနွိုက်တို့ မြင့်မားစွာပါရှိသော သစ်သီးဝလံများကို စားပေးပါ။ ၎င်းဓာတ်သုံးမျိုးတို့၏ အာဟာရဓာတ်ပြုမှုက အသက်ရှူလမ်းကြောင်း ပြဿနာတို့ကို လျော့ပါးသက်သာစေသည့်အပြင် အဆုတ်၏ စွမ်းဆောင်ရည်ကိုပါ တိုးမြင့်လာစေသည်။ ထို့ပြင် ၎င်းအာဟာရဓာတ်များက အသက်ရှူကျပ်သည့် အဆုတ်ရောဂါ၊ လေပြွန်ဖောင်းပွသည့်ရောဂါများကိုပါ သက်သာစေသည်။ အဆိုပါဓာတ်သုံးမျိုးကို စမုန်စပါး၊ သခွားသီး၊ ဟင်းနုနယ်ရွက်၊ ခရမ်းချဉ်သီး၊ Beetroot ခေါ် အစိမ်းရင့်ရောင် အရွက်ကြီးများဖြင့် သွေးနီရောင်ကဲ့သို့ အရည်ရွှမ်းသော မုန်လာဥနီ အလုံး၊ ရွှေဖရုံသီး၊ စတော်ဘယ်ရီသီး၊ တလည်းသီး နှင့် နာနတ်သီးစသည့် သစ်သီးဝလံများထဲတွင် ရရှိနိုင်ပါသည်။

**အကောင်းဆုံးသော သစ်သီးဖျော်ရည်များ**

ပန်းနာရောဂါနှင့် အခြားသော အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများအတွက် အကောင်းမွန်ဆုံး ဖျော်ရည်နှစ်မျိုးရှိပါသည်။ ၎င်းတို့မှာ-

(က) ကန်စွန်းရွက် လက်တစ်ဆုပ်ခန့်၊ ချင်းလက်မဝက်ခန့်၊ မုန်လာဥနီ သုံးဥ လိုအပ်သည်။ ၎င်းပစ္စည်းသုံးမျိုးကို ကြိတ်ချေ၍ ရလာသော သစ်သီးဖျော်ရည်ကို နေ့စဉ် သောက်ပါ။

(ခ) အစိမ်းရောင်ပန်းသီး နှစ်လုံး၊ သံပရာသီးတစ်ခြမ်း၊ တရုတ်နံနံ ခြောက်ပင်၊ ဟင်းနုနယ်ရွက်လက်တစ်ဆုပ်ခန့် လိုအပ်သည်။ ၎င်းပစ္စည်းလေးမျိုးကို ကြိတ်ချေ၍ ရလာသော သစ်သီးဖျော်ရည်ကို နေ့စဉ် သောက်ပါ။

အချုပ်အားဖြင့်ဆိုသော် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဖျော်ရည်များသည် ပန်းနာရင်ကျပ်ရောဂါအတွက်သာမက အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာအမျိုးမျိုးအတွက် သဘာဝဆေးဖက်ဝင်များ ဖြစ်ကြသည်။ သတိပြုရန်မှာ သန့်ရှင်းလတ်ဆတ်သော အော်ဂဲနစ်ပစ္စည်းများကို ရွေးချယ်ပေးရမည်ဖြစ်သလို ရေဖြင့် သန့်ရှင်းစွာဆေးကြောပြီးမှသာ ဖျော်ရည်ဆေးဝါးအဖြစ် သောက်သုံးသင့်ပါသည်။ မည်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအတွက်မဆို အချိုရည်၊ အအေးများနှင့် ဆား(အငန်)တို့ကို လျှော့နိုင်သမျှ လျှော့ချ၍ ကြက်ဥနှင့် နွားနို့တို့ကိုလည်း သင့်တင့်ရုံသာ စားပါ။ ဟင်းလျာများ ချက်ပြုတ်စားသောက်ရာတွင် ဟင်းရွက်ဆီကိုသာ ဦးစားပေးရွေးချယ်သင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။ ။

---

## ကန့်ဘလူမြို့နယ်ရှိ မျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကန့်ဘလူ ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကန့်ဘလူမျိုးသန့်ခြံ၌ ပဲစင်းငုံ(မုံရွာရွှေဒင်္ဂါး) မျိုးစေ့အဆင့်(RS) မျိုးသန့်မျိုးပွားအဆင့် ဧက ၃၀ နှင့် ဆီစားသုံးမှု ဖူလုံစေရေးအတွက် နေကြာ(ဆင်းရွှေကြာ-၂) ဧက ၁၁၀ တို့ကို စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းနှင့် ယင်းစိုက်ခင်းများမှ ထွက်ရှိလာသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို တိုင်းဒေသကြီးအတွင်း တောင်သူများထံ ပြန်လည်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကန့်ဘလူမျိုးသန့်ခြံက ဧက ၃၀၀ ခန့်ရှိပြီး စိုက်ပျိုးနိုင်တာကတော့ ၂၄၃ ဧကရှိပါတယ်။ မျိုးစေ့ထုတ်စိုက်ကွင်းကထွက်လာတဲ့ မျိုးသန့်မျိုးစေ့တွေကို ဒေသတွင်းတောင်သူတွေကို သင့်တင့်တဲ့နှုန်းထားနဲ့ ဖြန့်ဖြူးရောင်းချပေးသွားမှာဖြစ်ပါတယ်"ဟု ကန့်ဘလူမျိုးသန့်ခြံတာဝန်ခံ ဦးစီးအရာရှိ ဦးခင်မောင်လင်းက ပြောသည်။ ကန့်ဘလူမျိုးသန့်ခြံအနေဖြင့် ယာသီးနှံများကို အဓိကထား၍ မျိုးစေ့ထုတ်လုပ်ငန်း လုပ်ဆောင်ကြောင်း၊ စိုက်ပျိုးထားသည့် မျိုးစေ့များသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော မျိုးသန့်မျိုးပွားမျိုးစေ့များဖြစ်ကြောင်း၊ ကန့်ဘလူမြို့နယ်တွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်သည့် မျိုးသန့်ခြံနှစ်ခုရှိရာ ယင်းတို့မှာ ကန့်ဘလူမျိုးသန့်ခြံနှင့် မြေမွန်မျိုးသန့်ခြံတို့ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၇-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနာသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ရာဇဝင်ထဲက သမိုင်းအနုပညာ
**၁၁:၃၅** ဘဝနှင့်အနုပညာ
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၀၈)
**၁၃:၃၀** MRTV National News
**၁၆:၃၅** ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ
**၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၀** This Week's Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘက်စုံကျက်သရေအက်ဆေး' (အပိုင်း-၃၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၂၁:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၆)

**mitv**

**07:01** Evergreen Classic : Sone Taw Myaing (Takkatho Lae Lae)
**07:11** Ecotourism: Bat Cave and Chatthin Wildlife Sanctuary
**07:22** Mt. Naw Bu Baw
**07:32** The Rising Glory Of Myanmar Arts
**08:01** The Eel Business
**08:17** Living Myanmar Glazed Ceramics
**08:33** Myanmar's Traditions and Culture: Caves of Myanmar
**09:01** News
**09:26** Global Partnership for Brighter Future: Portugal Pavilion at Expo 2020 Dubai
**09:34** Mon Traditional Dishes
**09:43** Orphanage
**09:49** Snake Dancer

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** လွှဲကြီးရွာမှ အဖိုးတို့အိမ်ကလေး
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** လိုင့်ထောင်ဖလာမီးရေတံခွန်
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** တောင်ဖလပ်ရဲ့ရိုးရာအလှ (အပိုင်း-၂)
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** အုံ့ပွယ်ရုံးပတီသီးအစွမ်း
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** စကားပုံများမှ မှတ်သားစရာ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** မျိုးဝက်တင့်ဝေ ယဉ်ကျေးမှုအမွေ (အပိုင်း-၂)
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** သာယာလှတဲ့ နမ့်ပေးရေတံခွန်ဆီသို့
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** ယင်းတာလဲတိုင်းရင်းသားနှင့် သမိုင်းဝင်စောလုံကျေးရွာ
**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)** အစာလည်းဆေး၊ ဆေးလည်းအစာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အခံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငရအဆုံးကုန်းတစ်ဝက်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲ ရွေးချယ်တင်မြှောက်ပုံစနစ် (ဂျပန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၀** ကမ္ဘာ့အဆင့်မီမြန်မာ့ကော်ဖီ
**၀၇:၂၀** ရောက်ကုန်းမြေပေါ်မှ စိမ်းစိုနေသော ပဲခင်းများဆီသို့
**၀၈:၀၀** စက်မှုလယ်ယာစနစ်ကိုဦးတည် မြို့သစ်မြို့နယ်က ကိုရုံတောင်ကျေးရွာဆီ
**၀၈:၅၅** မိုးရာသီမှာရာဘာအစေးလိုးကြမယ်
**၀၈:၅၅** ကျန်းမာသုခဝင်ငွေရတဲ့ မိသားစုဘဝလေးတည်ထောင်စို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေကူမြို့နယ် တူးချောင်းကျေးရွာ အမကကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားနေသော မြောက်ရွာအမကမှ ကျောင်းသားကျောင်းသူများထံသို့ ဗလာစာအုပ်နှင့် စာရေးကိရိယာများ သွားရောက်လှူဒါန်း



ရွှေကူ ဇူလိုင် ၂၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အလှူရှင်များက တူးချောင်းကျေးရွာ အမကကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ကြားနေသော မြောက်ရွာ အမကကျောင်းမှ ကျောင်းသားကျောင်းသူများ ထံသို့ ဇွန် ၂၃ ရက်က ဗလာစာအုပ်နှင့် စာရေးကိရိယာများ သွားရောက်လှူဒါန်းကြသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် မြောက်ရွာ အမကကျောင်း၌ ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး အမျိုးမျိုးသော အခက်အခဲများကြောင့် ဇူလိုင်လ လဆန်းပိုင်းတွင် အဆိုပါကျောင်း၌ ကျောင်းသားကျောင်းသူများ ပညာရေးသင်ကြားနိုင်ခြင်း မရှိဘဲ ယာယီပိတ်ထားခဲ့ရသည့်အတွက် ကျောင်းသားကျောင်းသူများ နစ်နာမှုများစွာဖြင့် ပညာသင်ကြားမှုများ နှောင့်နှေးခဲ့ရသည်။ သို့သော် ကျောင်းအုပ်ဆရာမကြီးနှင့်တကွ ဆရာ၊ ဆရာမများ၏ ကြိုးစားအားထုတ်မှု၊ မိဘဆရာအသင်း၏ ကြိုးစားဆောင်ရွက်မှု၊ မိဘပြည်သူများ၏ စုပေါင်းပါဝင်မှုများကြောင့် ဇူလိုင်လ တတိယပတ်မှစတင်၍ တောပုန်းကျေးရွာအုပ်စု တူးချောင်းကျေးရွာ မူလတန်းကျောင်းသို့ ယာယီပြောင်းရွှေ့ ပညာသင်ကြားပေးနိုင်သည်။

အဆိုပါ မြောက်ရွာ အမကကျောင်းမှ ကျောင်းသားကျောင်းသူများ ပညာသင်ကြားပေးနိုင်ရေးအတွက် နေရာအခက်အခဲများကို ဖြေရှင်းနိုင်ရန် မိဘဆရာအသင်းနှင့် မိဘပြည်သူများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုဖြင့် ယာယီကျောင်းဆောင်ဆောက်လုပ်၍ သင်ကြားသင်ယူမှုများ ဆောင်ရွက်လျက်ရှိပြီး လိုအပ်လျက်ရှိသော သင်ကြားရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်ဦးအေးတို့က သွားရောက်ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** ဗလာစာအုပ် ၃၃ ဒါဇင်၊ ဘောပင်အချောင်း ၁၈၀၊ စာရေးကိရိယာအစုံပါ ကျောပိုးအိတ် ၇၀တို့ကို စုပေါင်းပေးအပ်လှူဒါန်းကြကြောင်း သိရှိရသည်။

**ခင်ပပသိန်း(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၇-၂၀၂၂

**ရွှေ**

၂၄-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၉၅ ကျပ် | ၁၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၈၆၀ ကျပ် | ၁၉၀၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၈၂ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၅ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၇၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၃၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၅ . ၀၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၃ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၁၃၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၃၀၀ | ၇၃၀၀ | ၄၁၉ | ၃၀၅၈၇၀၀ |
| MTSH | ၂၆၀၀ | ၂၆၀၀ | ၁၄၇၉ | ၃၈၄၅၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၅၀၀ | ၂၅၀၀ | ၉၀ | ၂၂၅၀၀၀ |
| AHP | ၄၉၀၀ | ၄၈၀၀ | ၁၀၅ | ၅၁၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-**၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကန်သာယာကန် သန့်ရှင်းသာယာလှပရေးနှင့် မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မုံရွာ ဇူလိုင် ၂၄

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကွေ့ကြီးရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ကန်သာယာကန်ဝန်းကျင်နှင့် မြို့ရာပြည့်စေတီတော်တို့အား သန့်ရှင်းသာယာသပ်ရပ်စေရေး၊ မြို့နေပြည်သူများ အားလပ်ရက်များ၌ လာရောက်အပန်းဖြေရာတွင် စိတ်အေးချမ်းသာစွာဖြင့် အပန်းဖြေနိုင်ရေးအတွက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။**



အဆိုပါစုပေါင်းသန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများကို စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ပြီး ကန်သာယာကန် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ လယ်တီရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေးရှိ ပြည်ထောင်စုဈေး တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ၁၇ ဒသမ ၂၅ ဧကမြေပေါ်တွင် အလျားပေ ၆၀၊ အနံပေ ၄၀ ရှိ ဈေးဆိုင်ခန်း ၁၃၆၀၊ ကြီးကြပ်ရေးရုံး၊ သန့်စင်ခန်းများနှင့် ကွန်ကရစ်လမ်းများ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီအရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေးတို့ကို မှာကြားကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး ပြည်ထောင်စုဈေး ဆောက်လုပ်မည့်မြေနေရာ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ကန်သာယာညဈေးတန်းတည်ဆောက်မည့်မြေနေရာ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ကန်သာယာညဈေးတန်း ဈေးဆိုင်ခန်း အလျား ရှစ် ပေ၊ အနံ ၁၀ ပေ၊ ဈေးဆိုင်ခန်း ၃၀၈ ခန်းနှင့် ဈေးအတွင်း လျှောက်လမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ သန့်စင်ခန်းများ ဆောက်လုပ်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး ကွန်ကရစ်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသည့် ဝန်ဆောင်မှုပေးနိုင်သော ဟိုတယ်များကို တံဆိပ်ချီးမြှင့်ပေးအပ်

**မော်လမြိုင် ဇူလိုင် ၂၄**

မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဟိုတယ်လုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင် လုပ်ဆောင်မှုကြောင့် အမျိုးသားအဆင့် ( Enchanting Myanmar Health & Safety Protocol) အသိအမှတ်ပြုတံဆိပ်ရရှိသည့် ဟိုတယ်များအား တံဆိပ်ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၃ ရက် က Golden River Hotel ၌ ကျင်းပ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း တက်ရောက်ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှုကြောင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းများ ကျဆင်းခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ ကျဆင်းသွားသည်မှာ အားလုံးအသိပဲ ဖြစ်ပါကြောင်း၊ ကိုဗစ် အလွန်ကာလတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်မြှင့်တင်ပေးနိုင်ရေးတို့အတွက် (Enchanting Myanmar Health & Safety Protocol) အစီအစဉ်ကို ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်၍ ရေးဆွဲဆောင်ရွက်ထားရှိပြီး ဒေသအဆင့်နှင့် နိုင်ငံအဆင့် အသိအမှတ်ပြု လက်မှတ်ရရှိရေးကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လွယ်ကူချောမွေ့စေရန်အတွက် ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ဝန်ထမ်းများအား သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ အသိအမှတ်ပြုလက်မှတ်လျှောက်ထားခြင်းကို Digital စနစ်ဖြင့် ဆောင်ရွက်ထားရှိပါကြောင်း၊ အသိအမှတ်ပြု လက်မှတ်ရရှိထားမှသာ လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များ၏ ယုံကြည်စိတ်ချမှုကိုလည်း ရရှိမည်ဖြစ်ပါကြောင်း၊ အသိအမှတ်ပြုဟိုတယ်များ၏ အမည်စာရင်းကိုလည်း ပြည်နယ်အစိုးရ Website များမှာ လွှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသည့် ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် (Health & Safety Protocol) နှင့်အညီ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ခရီးသွားဧည့်သည်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့် တည်းခိုနေထိုင်ခွင့်ပေးခြင်းအပြင် နိုင်ငံတော်မှ ထုတ်ပြန်ထားရှိသည့် တည်ဆဲဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်း လိုက်နာဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။




ထို့နောက် အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးဦးဇေယျာထွန်းကရှင်းလင်းတင်ပြခဲ့ပြီး သံလွင်ဟိုတယ်၊ ငွေမိုးဟိုတယ်နှင့် Golden River Hotel တို့အား ပြည်နယ်ဝန်ကြီးချုပ်က အသိအမှတ်ပြုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# ရွှေကြို့ပင်(ရွာမ) ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဇီးကုန်း ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရွှေကြို့ပင်(ရွာမ)ကျေးရွာရှိ ကျေးလက်နေတောင်သူများ၏ လယ်ယာထွက်ကုန်သီးနှံများ ရာသီဥတုဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုမရှိဘဲ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်မီသယ်ယူပို့ဆောင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၄ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့လဲ့မွန်နှင့် ဝန်ထမ်းများက ရွှေကြို့ပင်(ရွာမ) ကျေးရွာ၌ အရှည် ၉၁၀၀ ပေရှိသော လမ်းပေါ်တွင် အကျယ် ၁၂ ပေ၊ ထု တစ်ပေရှိသော မြေသားတင်ခြင်းလုပ်ငန်းနှင့် အကျယ် ၁၀ ပေ၊ ထု ကိုးလက်မရှိသော မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရွှေကြို့ပင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၉၂ ဒသမ ၆၂၅ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးပါက စိုက်ပျိုးမြေဧက ၁၄၉ ဧက အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို(ကျေးလက်)**



# ဘူးသီးတောင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ထုတ်ချေး

**ဘူးသီးတောင် ဇူလိုင် ၂၄**

မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးခြင်းကို ဇူလိုင် ၂၂ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘူးသီးတောင်မြို့နယ် ငကျဉ်တောက်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းချေးငွေ (သတ္တမအကြိမ်) အဖြစ် ထုတ်ချေးခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် တာဝန်ခံဝန်ထမ်းများက ကွင်းဆင်းပြီး အိမ်တိုင်ရာရောက်ထုတ်ချေးပေးခဲ့ကြသည်။

ငကျဉ်တောက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးအား ချေးငွေကျပ်သန်း ၁၃ ဒသမ ၅၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးအား ချေးငွေကျပ်သန်း ၇ ဒသမ ၂၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး အား ချေးငွေကျပ်သန်း ၁၇ ဒသမ ၅၀ စုစုပေါင်းအသင်းဝင် ၇၅ ဦးကို လုပ်ငန်းအမျိုးအစားအလိုက် ချေးငွေကျပ်သန်း ၃၈ ဒသမ ၂၀ ကို ထုတ်ချေးပေးခဲ့သည်။

**ကိုထွန်း**

# ဥတ္တရသီရိမြို့နယ်၌ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းသင်တန်းဖွင့်လှစ်



**ဥတ္တရသီရိ ဇူလိုင် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်မောင်းရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာတွင် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းသင်တန်းကို ယမန်နေ့က ဝေယံတိုးဆန်စက်၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ဦးမြင့်စိုးတို့က အမှာစကားပြောကြားကြပြီး နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာအေးက သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စပါးခွံတစ်စ၊ နွားချေးတစ်စ၊ ဖွဲနုတစ်စ ရောစပ်၍ စူပါဘိုကာရှိ ဇီဝမြေဩဇာ လက်တွေ့ပြုလုပ်နေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်စွာဟိန်း**

**(မြန်/ဆက်)**

# ရေနံချောင်းမြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ- ၆၆/၆) များအား Software Program ဖြင့် ထည့်သွင်းနေမှုကို ကြည့်ရှုစစ်ဆေး

**ရေနံချောင်း ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ -၆၆ /၆) များအား Software Program ဖြင့် ထည့်သွင်းနေမှုကို ရေနံချောင်းမြို့ ရေနံမြေလုပ်သား ခန်းမ၌ ယမန်နေ့က မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် အိမ်ထောင်စု လူဦးရေစာရင်း (ပုံစံ-၆၆/၆)များတိကျ မှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အတွင်းရှိ နိုင်ငံသားကိုယ်ရေးမှတ်တမ်းအချက်အလက်များကို e-ID စနစ်ဖြင့် Software Program အသုံးပြုကာ ထည့်သွင်းသည့် လုပ်ငန်းများကို ရက်ပေါင်း ၆၀ အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ အဆိုပါလုပ်ငန်းများဆောင်ရွက်နေသည့် ဝန်ထမ်းများအတွက် တစ်ခါသုံးနှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ပေးအပ်ခဲ့ကြောင်း သိရသည်။



ရေနံချောင်းမြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း စုစုပေါင်း ၄၀၉၄၀ ၏ (ပုံစံ-၆၆/၆) အချက်အလက်များကို e-ID စနစ်ဖြင့် ကွန်ပျူတာထဲသို့ရိုက်သွင်းခြင်းနှင့် သတ်မှတ်ချိန်အတွင်း ရေးသွင်း ဆောင်ရွက်ခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ကျော်၏ ကြီးကြပ်မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနရုံးမှ ဝန်ထမ်းငါးဦးနှင့် အခြားဌာနဆိုင်ရာဝန်ထမ်း ၂၀ တို့က သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ရေးသွင်းပြီးနိုင်ရန် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ**

# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကျေးရွာငါးရွာ၌ အကောင်အထည်ဖော်မည်

**ကွန်ဟိန်း ဇူလိုင် ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၅၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကွန်ဟိန်းမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ဝိန်းလုံ၊ နားခေါက်၊ ဆိုင်းခေါင်၊ နားဟိုက်၊ နမ့်ဟူးလျင်ကျေးရွာငါးရွာ၌ ကျေးရွာတစ်ရွာလျှင် စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ စီဖြင့် စုစုပေါင်းစီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၅၀၀ အပြင် ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း၊ ကျောက်စီမြေကာနံရံပြုလုပ်ခြင်းလုပ်ငန်း၊ ကျေးရွာလမ်းခင်းခြင်းလုပ်ငန်း၊ တံတားတည်ဆောက်ခြင်းအစရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများက နည်းပညာများပံ့ပိုးကာ ကျေးရွာပြည်သူလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံချက်များကို မြို့နယ်စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးရွာများသို့ ကွင်းဆင်းကာ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခုလအတွင်း စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးဇေယျာမင်းက ပြောသည်။

**စိုးမိုးကျော်**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၀၅)

မော်တော်ယာဉ်မောင်းနှင်သူသည် မီးဖွင့်မောင်းရာတွင် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) မည်သည့်မော်တော်ယာဉ်မဆို နေဝင်ပြီးအချိန်မှ နေမထွက်မီအချိန်အထိတွင်လည်းကောင်း၊ ရာသီဥတုကြောင့် အလင်းရောင်နည်းနေသည့် နေ့အချိန်တွင်လည်းကောင်း အလင်းရောင်ရရှိစေရန်အတွက် မီးဖွင့်၍ မောင်းနှင်ရမည်။

(ခ) မော်တော်ယာဉ် ရှေ့မီးကြီးများကို မျက်နှာချင်းဆိုင်လာသူများ မျက်စိမစူးစေရန် အောက်စိုက်၍ အသုံးပြုရမည်။ အကယ်၍ မျက်နှာချင်းဆိုင်မော်တော်ယာဉ်မီးကြောင့် မျက်စိစူးပါက မိမိမော်တော်ယာဉ်၏ အမြန်နှုန်းကို လျှော့မောင်းရမည် သို့မဟုတ် ခေတ္တရပ်ပေးရမည်။ အခြားမော်တော်ယာဉ်နောက်မှလိုက်၍ မောင်းနှင်နေပါက မိမိမော်တော်ယာဉ်၏ ရှေ့မီးကြီးများကို အောက်စိုက်၍ မောင်းနှင်ရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# မြစ်ကြီးနားတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကျင်းပ



မြစ်ကြီးနား ဇူလိုင် ၂၄

**ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ်၌ ၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား/ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၂၂ ရက် ညနေ ၃ နာရီခွဲက တက္ကသိုလ်ဘောလုံးကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်ဖွင့်လှစ်အားပေးသည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲအသင်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀ နှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦးက ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ထောက်ပံ့သည့် အားကစားအထောက်အကူပြုပစ္စည်းများကို ပါမောက္ခချုပ်ဒေါက်တာအောင်ဝင်းထံ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမည့် သင်္ချာအသင်းနှင့် ဒဿနိကဗေဒအသင်းတို့မှအားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြပြီး မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်က ဘောလုံးကန် ဖွင့်လှစ်ပေးကာ အသင်းနှစ်သင်း၏ ယှဉ်ပြိုင်ကစားမှုကို (ဝဲပုံ) ကြည့်ရှုအားပေးသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မဟာယူနိုက်တက်ကို ရန်ကုန်အသင်း ငါးဂိုးပြတ်သွင်း

**ရန်ကုန် ဇူလိုင် ၂၄**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ဒုတိယနေ့အဖြစ် ရန်ကုန်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ဇူလိုင် ၂၄ ရက်က ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက ငါးဂိုးပြတ် အနိုင်ရခဲ့သည်။

မဟာယူနိုက်တက်အသင်းသည် ယခုရာသီတွင် ရလဒ်များဆိုးရွားနေပြီး ဂိုးပြတ်ရှုံးပွဲတစ်ပွဲ ထပ်မံရင်ဆိုင်ခဲ့ရသည်။ ရန်ကုန်အသင်းသည် နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး ပေးဂိုးမရှိဘဲ ဂိုးပြတ်အနိုင်ရခဲ့သဖြင့် ကျေနပ်စရာဖြစ်ခဲ့ရသည်။

ရန်ကုန်အသင်းသည် ဒေးဗစ်ထန်၊ ကျော်မင်းဦး၊ ရန်နိုင်ဦး၊ ထက်ဖြိုးဝေ၊ သီဟထက်အောင်၊ လမင်းထွေး၊ ဆန်းဆက်နိုင် (ဂိုး) တို့ဖြင့် ပွဲထွက်ခဲ့ပြီး မဟာယူနိုက်တက်အသင်းမှာမူ အမာခံကစားသမားအစုံအလင်ဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုး သွင်းယူနိုင်ခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် နှစ်ပိုင်းစလုံး ပွဲပြီးခါနီး မိနစ် ၂၀ ဝန်းကျင်မှသာ ဂိုးများပေးခဲ့ရခြင်းဖြစ်ပြီး ငါးဂိုးအထိ ပေးခဲ့ရသဖြင့် နစ်နာခဲ့ရသည်။ ရန်ကုန်အသင်းအတွက် အဖွင့်ဂိုးကို ၃၃ မိနစ်တွင် ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက သွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် လူငယ်တိုက်စစ်မှူး လမင်းထွေးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ပထမပိုင်းတွင် နှစ်ဂိုးပြတ်အနိုင်ရနေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ပိုဖိကစားနိုင်ခဲ့သလို မဟာယူနိုက်တက် ခံစစ်မှာလည်း မိနစ် ၇၀ နောက်ပိုင်း ပြိုဆင်းသွားခဲ့သဖြင့် သုံးဂိုး ထပ်မံသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၇၀၊ ၈၉၊ ၉၀+၂ မိနစ်တွင် လမင်းထွေးက သွင်းယူခဲ့သည်။ ငါးပွဲစီကစားအပြီးတွင် ရန်ကုန်အသင်းက လေးပွဲနိုင်၊ တစ်ပွဲရှုံး၊ ၁၂ မှတ်၊ မဟာယူနိုက်တက်အသင်းက တစ်ပွဲနိုင်၊ လေးပွဲရှုံး၊ သုံးမှတ် ရရှိထားသည်။



ရန်ကုန်အသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။

ပွဲစဉ် (၅) တတိယနေ့ကို ဇူလိုင် ၂၅ ရက် (ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ– MNL**

# မန်စီးတီးကစားသမား ဇင်ချန်ကို အာဆင်နယ်သို့ အပြီးသတ်ပြောင်းရွှေ့

**ယခုနှစ်ရာသီ မန်စီးတီးမှ အာဆင်နယ်သို့ ပြောင်းရွှေ့သည့် ဒုတိယမြောက် ကစားသမားဖြစ်လာ**

အာဆင်နယ်အသင်းသည် ပြိုင်ဘက်မန်စီးတီးအသင်းမှ စွယ်စုံရယူကရိန်းကစားသမား ဇင်ချန်ကိုကို အပြီးသတ်ခေါ်ယူလိုက်ပြီ ဖြစ်သည်။ အာဆင်နယ်အသင်းသည် အဆိုပါ ကစားသမားကို အပိုဆုကြေးပေါင် နှစ်သန်းအပါအဝင် ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။





အသက် ၂၅ နှစ်အရွယ် အဆိုပါ ကစားသမားသည် အာဆင်နယ်အသင်းနှင့် ကာလရှည်စာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်၏ ယခုနှစ်ရာသီခေါ်ယူသည့် ငါးဦးမြောက် ကစားသမားဖြစ်လာခဲ့သည်။ ထို့အပြင် ဇင်ချန်ကိုသည် ယခုလအစောပိုင်းတွင် ပေါင် ၄၅ သန်းဖြင့် ဘရာဇီးတိုက်စစ်ကစားသမား ဂါဘရီရယ် ဂျီးဆပ်ပြီးနောက် အီတီဟက်မှ အမ်းမရိတ်သို့ ပြောင်းရွှေ့လာသည့် ဒုတိယမြောက် ကစားသမားလည်း ဖြစ်လာခဲ့သည်။

ဇန်ချန်ကိုသည် မန်စီးတီးအသင်းသို့ ၂၀၁၆ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၂၈ ပွဲ ပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းယူပေးထားသည်။ ထို့အပြင် ၎င်းသည် မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် လိဂ်ဖလားတို့ကို ဆွတ်ခူးရရှိထားသည်။

# ကူကူရယ်လာအတွက် မန်စီးတီး၏ ကမ်းလှမ်းမှုကို ဘရိုက်တန် ပယ်ချ

ဘရိုက်တန်အသင်းသည် အသင်းမှ ဘယ်ခံစစ်ကစားသမား ကူကူရယ်လာအတွက် မန်စီးတီးအသင်းမှ ပေါင်သန်း ၃၀ ဖြင့် ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်ကြောင်း သိရသည်။ အသက် ၂၄ နှစ်အရွယ် စပိန်ကစားသမားသည် ပြီးခဲ့သည့်နွေရာသီတွင် စပိန်ကလပ် ဂီတာဖေးအသင်းမှ ဘရိုက်တန်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အသင်းနှင့် ငါးနှစ်ရှိစာချုပ်တစ်ရပ်ကို ချုပ်ဆိုထားသူ ဖြစ်သည်။

ဘရိုက်တန်အသင်းသည် ပြီးခဲ့သည့်လတွင် ကွင်းလယ်ကစားသမား ဘစ်ဆိုမာကို ပေါင်သန်း ၃၀ ဖြင့် ရောင်းထုတ်ခဲ့ကြောင်း သိရသည်။ ပရီမီယာလိဂ်ဖလားကို သုံးကြိမ်ဆက်ဆွတ်ခူးနိုင်ရန် ရည်ရွယ်နေသည့် မန်စီးတီးအသင်းသည် ယခုနှစ်ရာသီ အပြောင်းအရွှေ့ကာလတွင် ကယ်ဗင်ဖီးလစ်နှင့် ဟာလန်းတို့ကို ခေါ်ယူစာချုပ်ထားပြီးဖြစ်သော်လည်း ကစားသမားသစ်များ ထပ်မံခေါ်ယူဖွယ်ရှိနေခြင်းဖြစ်သည်။ ကူကူရယ်လာသည် ဘရိုက်တန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ၃၈ ပွဲ ပါဝင်ကစားထားသည်။



# ဆက်ဆူအိုလိုမှ စကမ်မက်ကာကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း သဘောတူညီမှုရရှိ

ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းသည် ဆက်ဆူအိုလိုအသင်းမှ စကမ်မက်ကာကို ပေါင် ၃၀ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။ အသက် ၂၃ နှစ်အရွယ် အီတလီတိုက်စစ်ကစားသမားသည် အဆိုပါ အပြောင်းအရွှေ့ပြီးမြောက်ပါက ဝက်စ်ဟမ်းအသင်း၏ ယခုနှစ်ရာသီ ခေါ်ယူသည့် စတုတ္ထမြောက် ကစားသမားဖြစ်လာမည် ဖြစ်သည်။

အီတလီကလပ် ဆက်ဆူအိုလိုအသင်းသည် အဆိုပါ ကစားသမားအတွက် ကနဦးတွင် ပြောင်းရွှေ့ကြေး ပေါင် ၄၃ သန်းထက်မနည်း ရရှိရန် မျှော်လင့်ထားသော်လည်း နောက်ဆုံးတွင် ပေါင် ၃၀ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် သဘောတူလိုက်ခြင်းဖြစ်သည်။ စကမ်မက်ကာသည် ဆက်ဆူအိုလိုအသင်းသို့ ၂၀၁၇ ခုနှစ်တွင် ပြောင်းရွှေ့ရောက်ရှိလာသော်လည်း အငှား လေးကြိမ်ထွက်ကစားခဲ့ရကြောင်း သိရသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီက ဆက်ဆူအိုလိုအသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၃၈ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ၁၆ ဂိုး သွင်းယူပေးထားနိုင်သည်။

ဝက်စ်ဟမ်းအသင်းသည် နောက်ဆုံးကစားခဲ့သည့် ရာသီအကြိုခြေစမ်းပွဲသုံးပွဲတွင် နိုင်ပွဲရရှိထားခြင်း မရှိဘဲ နှစ်ပွဲသရေကျပြီး တစ်ပွဲရှုံးနိမ့်ထားသည်။ ထို့အပြင် မိုယက်စ်၏ ဝက်စ်ဟမ်းအသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၇ ရက်တွင် ချန်ပီယံ မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **အောင်ဇော်**

## နောက်ဆုံးရအားကစားသတင်းတို

- စပိန်နာမည်ကြီး ဘာစီလိုနာအသင်းသည် အသင်းမှ တိုက်စစ်ကစားသမား ဒီပေး ပရီမီယာလိဂ်အသင်း နယူးကာဆယ်သို့ ပြောင်းရွှေ့ခွင့်ကို ပယ်ချဖွယ်ရှိနေသည်။

**အောင်ဇော် – စုစည်းသည်**

# အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာအားကစားအဖွဲ့အား ကြိုဆို

**ရန်ကုန် ဇူလိုင် ၂၄**

မော်လ်ဒိုက်နိုင်ငံ၌ ဇူလိုင် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် (၅၄)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြု ရွှေတစ်ခု၊ ငွေတစ်ခုနှင့် အဆင့်လေး၊ အဆင့်ငါး ဆွတ်ခူးရရှိခဲ့သော အားကစားအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။



အဆိုပါပြိုင်ပွဲ၌ အမျိုးသား ၇၀ ကီလိုတန်းတွင် ရဲထွန်းနောင်က ဒုတိယ(ငွေ)၊ ၅၅ ကီလိုတန်းတွင် ကျော်မင်းသန်းကပဉ္စမ၊ ၈၀ ကီလိုတန်းတွင် ခင်မောင်ကျော်ကစတုတ္ထ၊ အမျိုးသမီးAthletic Physique မီမီကျော်နိုင်က စတုတ္ထ၊ အေးသန္တာခိုင်က ၁၆၅ စင်တီမီတာတွင် ပဉ္စမနှင့် Over 40 yrs တွင် ပထမ(ရွှေ)၊ Athletic Physique ပြိုင်ပွဲတွင် ဝတ်ရည်ဖြိုးက စတုတ္ထရရှိခဲ့သည်။

### ရွှေတံဆိပ်ဆုရရှိ

"ဒီပြိုင်ပွဲမှာ နိုင်ငံပေါင်း ၂၂ နိုင်ငံထဲမှာမှ အမျိုးသမီး အားကစားသမား ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရတာပါ။ တစ်တန်းကို အားကစားသမား ၁၅ ဦးခန့် ဝင်ပြိုင်ကြရတာပါ။ အဲဒီထဲမှာမှ အကောင်းဆုံးရွှေတံဆိပ်ဆုကို ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ အဓိကကတော့ မွန်ဂိုလီးယားနဲ့ဟန်ဂေရီပေါ့။ အဲဒီနှစ်နိုင်ငံကို အပြတ်သတ်ယှဉ်ပြိုင်ခဲ့ရတာပါ။ သူတို့ကို ယှဉ်ပြိုင်ပြီးတော့မှ အကောင်းဆုံးရွှေတံဆိပ်ဆုကို ရရှိခဲ့တာပါ။ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိပါပဲ။ ၁၆၅ စင်တီမီတာမှာတော့ နံပါတ်(၅)အနေနဲ့ ဝင်ခဲ့ပါတယ်။ အိုဗာ ၄၀ မှာတော့ ရွှေတံဆိပ် ရရှိခဲ့ပါတယ်။ အာရှမှာ ရွှေတံဆိပ်ရတာ အခုအကြိမ်က ဒုတိယအကြိမ်ပါ။၂၀၁၉ မှာ တစ်ကြိမ် နဲ့ အခု ၂၀၂၂ မှာ တစ်ကြိမ်ဖြစ်ပါတယ်"ဟု အေးသန္တာခိုင်က ပြောသည်။

"ကျွန်တော်တို့ အတန်းမှာပဲ ပြိုင်ဘက်က ၁၀ ဦး ကျော်တယ်ပေါ့။ နိုင်ငံပေါင်းကလည်း ၂၄ နိုင်ငံ၊ အမျိုးသား ၁၀၀ ကျော် လာပြိုင်ကြတာပါ။ နောက်အိမ်ရှင်ကတော့ အင်အားအကောင်းဆုံးနိုင်ငံပေါ့။ အင်အားကောင်းတာကတော့ အိန္ဒိယ၊ ထိုင်းနဲ့ ဗီယက်နမ်ပါ။သူတို့တွေက ဆုကြီးတွေပဲ ယူကြတာပါ။ ပြိုင်ဘက်ကတော့ အိန္ဒိယပေါ့။ အိန္ဒိယဆိုရင် အရင်နှစ်ထက်တော့ မတူဘူး။ သူတို့ကပွဲကို သေချာလုပ်ထားတာ။ ကျွန်တော်တို့ကကျတော့ ပထမပွဲလုပ်ပြီး ဒီပွဲကို ထပ်လုပ်တော့ တော်တော်လည်း ပင်ပန်းနေကြတယ်။ ကြွက်သားပိုင်းဆိုင်ရာ လိုက်မမီဘူးပေါ့။ သူတို့ကတော့ ဒီပွဲအတွက်ပဲ အာရုံစိုက်လုပ်ပြီးတော့ ကောင်းကောင်း ပြင်ဆင်ထားတဲ့အတွက် ဆုက နည်းနည်းလျော့သွားပါတယ်"ဟု ရဲထွန်းနောင်က ပြောသည်။

### ကြိုဆို

ယင်းပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် နည်းပြများ၊ ဒိုင်များ၊ အားကစားသမားများအား ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ အားကစားနှင့် အာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားသမားများက ကြိုဆိုကြကြောင်း သိရသည်။ **(အပေါ်ဓာတ်ပုံ)** **အာကာစိုး**




## 17th Vietnam Amateur Open 2022 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အားကစားသမား လှိုင်မင်းထက် တတိယဆုဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၂၄**

ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် 17th Vietnam Amateur Open 2022 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက် အားကစားသမား လှိုင်မင်းထက် ဝင်ရောက်ယှဉ်ပြိုင်ရာ တတိယဆု ဆွတ်ခူးရရှိခဲ့သည်။

လှိုင်မင်းထက်သည် ပြိုင်ပွဲပထမနေ့တွင် ၇၅ ချက်၊ ဒုတိယနေ့တွင် ၇၃ ချက်၊ တတိယနေ့တွင် ၇၃ ချက်၊ စတုတ္ထနေ့တွင် ၇၁ ချက် လေးရက်ပေါင်း စုစုပေါင်းရိုက်ချက် ၂၉၂ ချက်ဖြင့် တတိယဆု ရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် Tunyapat Sukkoed (ထိုင်း) က ပထမ၊ Nguyen Anh Minh (ဗီယက်နမ်) က ဒုတိယဆုရရှိကြသည်။ ယင်းပြိုင်ပွဲတွင် ကစားသမား ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည်။ လှိုင်မင်းထက်သည် ယခုပြိုင်ပွဲ၏ ပြိုင်ပွဲအကြိုလေ့ကျင့်ရက်တွင် ကျင်းအမှတ် ၁၃ ၌ တစ်ချက်တည်း ကျင်းဝင်ခဲ့သည်။

**ကိုညီလေး၊ ဓာတ်ပုံ-MGF**

## အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၌ ကျင်းပပြုလုပ်မည့် (၄၄) ကြိမ်မြောက် ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြု မလှဇမ္ဗူ သွားရောက်ယှဉ်ပြိုင်မည်

**နေပြည်တော် ဇူလိုင် ၂၄**

အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၌ ဇူလိုင် ၂၈ ရက်မှ သြဂုတ် ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည့် (၄၄) ကြိမ်မြောက် ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲကြီးသို့ မြန်မာအမျိုးသမီးစစ်တုရင်အသင်းမှ မလှဇမ္ဗူက မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့အိုလံပစ် စစ်တုရင်ပြိုင်ပွဲသို့ မြန်မာအမျိုးသမီးစစ်တုရင်အသင်းအနေဖြင့် ပထမဆုံးအကြိမ်အဖြစ် သွားရောက်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မလှဇမ္ဗူနှင့်အတူ အသင်းအုပ်ချုပ်သူအပါအဝင် အဖွဲ့ဝင်ရှစ်ဦး လိုက်ပါမည်ဖြစ်ကာ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့သို့ ဇူလိုင် ၂၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

မလှဇမ္ဗူသည် International School of Myanmar ၌ လက်ရှိ Grade 6 တွင် ပညာဆက်လက်သင်ကြားလျက်ရှိပြီး စစ်တုရင်အားကစား စနစ်တကျ စတင်သင်ယူမှုကို ကိုဗစ်-၁၉ ကာလတွင် Online ဖြင့် ကျောင်းသင်ခန်းစာများကို သင်ယူရင်း စစ်တုရင်ကို M July Chess Class တွင် တစ်ပါတည်း သင်ယူခဲ့ကြောင်း၊ ထိုအချိန်မှစ၍ စစ်တုရင်ပြိုင်ပွဲကို ဝင်ရောက်နိုင်ရန် စတင်လေ့ကျင့်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကာလ စစ်တုရင် ပြည်တွင်းပြိုင်ပွဲကြီးများ နားရသော်လည်း ဆက်လက်လေ့လာခဲ့ကြောင်း သိရသည်။

ကိုဗစ် -၁၉ ရောဂါအခြေအနေများ လျော့ကျပြီး နိုင်ငံတကာပြိုင်ပွဲတွေ စတင်ဖိတ်ခေါ်ချိန်တွင် Myanmar Online Chess Academy မှ Online နှင့် Offline ကပါ သင်တန်းများတက်ရောက်ခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ရန် Myo Naing Chess Club မှ ဆရာဦးမျိုးနိုင် (International Master, 5 times Myanmar National Chess Olympiad) တို့က အနီးကပ်ပြုစုပျိုးထောင် လေ့ကျင့်ပေးခဲ့ကြောင်း အသက် ၁၂ နှစ်အရွယ်ရှိ မလှဇမ္ဗူ က ပြောသည် ။

မလှဇမ္ဗူသည် အင်္ဂလိပ်နှင့် တရုတ်ဘာသာ စကားများကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သည့်အပြင် စပိန်၊ ကိုရီးယားဘာသာစကားများကိုလည်း လေ့လာသင်ယူနေကြောင်း၊ ထို့အပြင် အားကစားနည်းများတွင်လည်း စစ်တုရင်၊ လက်ဝှေ့၊



ရေကူး၊ ဘတ်စကက်ဘော၊ စားပွဲတင် တင်းနစ်နှင့် ယောဂ စသည့်တို့ ဝါသနာပါကြောင်း သိရသည်။

(၄၄) ကြိမ်မြောက် ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲကြီးသည် အိန္ဒိယနိုင်ငံတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အားကစားပွဲကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**မောင်မွှေး**

## မချမ်းဘော့မြို့၌ အားကစားအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်

**မချမ်းဘော့ ဇူလိုင် ၂၄**

ကချင်ပြည်နယ် မချမ်းဘော့မြို့တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အ.လ.ကမြို့မ (မချမ်းဘော့) ကျောင်းတို့ပူးပေါင်း၍ ယမန်နေ့ နံနက် ၁၁ နာရီက အဆိုပါကျောင်းခန်းမ၌ အားကစားအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်း ထောက်ပံ့ပေးအပ်ပွဲ ပြုလုပ်သည်။

### ဟောပြော

ရှေးဦးစွာ အ.လ.ကမြို့မ(မချမ်းဘော့) ကျောင်းအုပ်ဆရာကြီး ဦးဖုန်ဆန်းထင်ဆန်းက အမှာစကားပြောကြားပြီး မချမ်းဘော့မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒေါ်ခင်လင်းစိန် (နည်းပြနည်းစနစ်မှူး)က အားကစားနှင့် ကျောင်းသားလူငယ်တို့၏ အခွင့်အရေးခေါင်းစဉ်ဖြင့် ဟောပြောကာ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးဖုန်ဆန်းထင်ဆန်းက လက်ခံသည်။

### အားကစားပစ္စည်းထောက်ပံ့

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် မချမ်းဘော့မြို့အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ အားကစားနှင့် ကျောင်းသားလူငယ်တို့၏ အခွင့်အရေးခေါင်းစဉ်ဖြင့် ဟောပြောပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ အ.ထ.က (မချမ်းဘော့) ကျောင်းအုပ်ဆရာကြီး ဦးညီညီစိုးက လက်ခံရယူခဲ့သည်။

အဆိုပါအခမ်းအနားသို့ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၂၁၀ ခန့် တက်ရောက်ခဲ့ကြောင်းနှင့် ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်းခွဲ နမ်ခမ်းကျောင်းနှင့် အ.ထ.က(ထရန်ဒမ်း) ကျောင်းသို့လည်း အသိပညာပေး ဟောပြောသွားမည်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေနံချောင်းတက္ကသိုလ်၌ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း ၂/၂၀၂၂ သင်တန်းဆင်း

**ရေနံချောင်း ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းတက္ကသိုလ်နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း ၂/၂၀၂၂ သင်တန်းဆင်းပွဲကို ဇူလိုင် ၂၂ ရက်က ရေနံချောင်းတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရေနံချောင်းတက္ကသိုလ် ကြက်ခြေနီအသင်းခွဲနာယက ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာချိုချိုမြင့်က ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းများဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာချောခင်က ကြက်ခြေနီသင်တန်း တက်ရောက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းချက်များနှင့် ပတ်သက်၍ သင်တန်းဆင်း အမှာစကားပြောကြားကာ ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း ၂/၂၀၂၂ သင်တန်းရေးဖြေစာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ရေနံချောင်းတက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ပါမောက္ခဆရာမကြီး ဒေါက်တာခင်မေဦးက သင်တန်းဆင်းလက်မှတ်များနှင့် ဒုတိယဥက္ကဋ္ဌ တွဲဖက်ပါမောက္ခဆရာမကြီး ဒေါက်တာ အေးအေးမော်က သင်တန်းတွင် လာရောက်ပို့ချပေးသော မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက မကွေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ပေးအပ်သည့် ကြက်ခြေနီဆေးအိတ်၊ တီရှပ်နှင့် ထမ်းစဉ်တို့ကို ရေနံချောင်းတက္ကသိုလ်ကြက်ခြေနီအသင်းခွဲနာယက



ပါမောက္ခချုပ် ဆရာမကြီးနှင့် တာဝန်ရှိသူတို့ထံ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါ ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်း ၂/၂၀၂၂ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၉၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်ညီညာ

# ကျိုက်လတ်မြို့နယ်၌ ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်

**ကျိုက်လတ် ဇူလိုင် ၂၄**

ဧရာဝတီတိုင်း ဒေသကြီး ကျိုက်လတ်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ ရေပြင်အသက်ကယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် တပ်ဖွဲ့များ၏ ရှာဖွေကယ်ဆယ်ရေး စွမ်းရည် သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က အမှတ်(၃) ရပ်ကွက်ရှိ မြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဖေယျာမင်း ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရေနစ်သူကို (Speed Board) ယာဉ်ဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ အဝေးထိန်းအသက်ကယ်ယာဉ်ဖြင့်ကယ်ဆယ်ခြင်းနှင့် ရေနစ်သူအား ရှေးဦးသူနာပြုနည်းဖြင့် အသက်ကယ်ပြုစုခြင်းတို့ကို လက်တွေ့လေ့ကျင့်သရုပ်ပြသခဲ့သဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



ကျိုက်လတ်
(ပြန်/ဆက်)

# စမ်းလှမ်းကျေးရွာ အ.လ.က စာသင်ကျောင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**လောင်းလုံး ဇူလိုင် ၂၄**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စမ်းလှမ်းကျေးရွာ အ.လ.က စာသင်ကျောင်း၌ ယနေ့နံနက်ပိုင်းက မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်ဦးနှင့် အဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးသရုပ်ပြခြင်းနှင့် သန့်ရှင်းရေး ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်မှုသည် အ.လ.က စမ်းလှမ်းကျောင်းရှိ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ခြင်၊ ယင် အန္တရာယ်ကြောင့် ရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် ကျောင်းအုပ်ဆရာကြီးမှ အကူအညီတောင်းခံသောကြောင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ဦးစီးအရာရှိနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ စမ်းလှမ်းကျေးရွာမှအရန်မီးသတ်တပ်ဖွဲ့ဝင်သုံးဦးတို့ဖြင့် သွားရောက်၍ မီးဘေးနှင့် သဘာဝဘေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သိန်းသိန်း (လောင်းလုံး)

# တောင်ကျရေများစီးဆင်းမှုကြောင့် ကျေးရွာအချို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိ

**သဲကုန်း ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် တောင်ပေါ်ဒေသများဖြစ်သော ဒါးသွေးကျောက်ကျေးရွာအုပ်စုတွင် ဇူလိုင် ၂၃ ရက် ည ၉ နာရီခန့်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇီးကုန်းအုပ်စု ဇီးကုန်းကျေးရွာ၊ သာပေါင်းကျေးရွာနှင့် သစ်နီတောအုပ်စု မဥ္ဇူကုန်း ကျေးရွာတို့တွင် တောင်ကျရေများ စီးဆင်းမှုကြောင့် သိုက်တောမချောင်းအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေလျှံမှုကြောင့် ဇီးကုန်းအုပ်စု ကျေးရွာတွင် အိမ်ခြေ ၅၀ ခန့်မှာ အိမ်ထဲသို့ ရေလေးပေခန့် လည်းကောင်း၊ သာပေါင်းကျေးရွာတွင် အိမ်ခြေ ၄၀ ခန့်မှာ အိမ်ထဲသို့ ရေလေးပေခန့်ဝင်ရောက်လျက်ရှိပြီး မဥ္ဇူကုန်းကျေးရွာထိပ်ရှိ အရှည်ပေ ၆၀၊ အကျယ် ၁၀ ပေခန့်ရှိ မဥ္ဇူကုန်း-ကန်လန့်ကုန်းရွာချင်းဆက် သစ်သားတံတားမှာ သိုက်တောမချောင်း ရေကြီးရေလျှံမှုကြောင့် မျောပါသွားခဲ့ပြီး အိမ်ခြေ ၃၀ ခန့်တွင် ရေလေးပေခန့် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ဇီးကုန်းအုပ်စုရှိ ရထားလမ်း မိုင်တိုင်အမှတ် ၁၄၁/၁၅ မိုင်တွင် ရေကြီးနေသဖြင့် အမှတ် (၇၂) အစုန်အမြန်ရထားသည် ဆင်မြီးဆွဲမြို့ဘူတာတွင် ညအိပ်ရပ်နားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော လူနေအိမ်များအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နမ္မတူ ဇူလိုင် ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နမ္မတူမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ ဇူလိုင် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမိုးလန်ပျက်စီးခဲ့သော လူနေအိမ် ရှစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းရန်ပုံငွေနှင့် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ပေးအပ်ခြင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် နမ္မတူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူး ဦးသိန်းဟန်တို့က လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှု၊ သစ်ပင်များ ကျိုးကျမှုကြောင့် အမိုးလန် ပျက်စီးခဲ့သည့် မိုင်းတက်ကျေးရွာအုပ်စု မိုင်းဆင်ကျေးရွာရှိ လူနေအိမ် လေးလုံး၊ ဟင်ဘုတ်ကျေးရွာအုပ်စု ကုန်းကယားကျေးရွာနှင့် ဆင်လီကျေးရွာတို့တွင် လူနေအိမ်လေးလုံး လူနေအိမ်တစ်လုံးလျှင် အိမ်ဆောက်ပစ္စည်းရန်ပုံငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်း လူနေအိမ် ရှစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းရန်ပုံငွေကျပ် ၄၀၀၀၀၀ နှင့် လူဦးရေ ၄၉ ဦးတို့အတွက် တစ်ပတ်စာ ဆန်ဖိုးရိက္ခာငွေကျပ် ၁၀၂၉၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၀၂၉၀၀ တို့ကို မိုင်းတက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကောလိယနှင့် ဟင်ဘုတ်ကျေးရွာအုပ်စု စာရေးတို့အား ပေးအပ်ခဲ့ကြောင်း မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

လူမော် (ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၄**
အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ ဇာဏီလင်းသည် ၎င်းအသုံးပြုသည့် “Zar Nielinn” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေတ္တာ(က)ရပ်ကွက်နေ ခင်မိုးမြင့်သည် ၎င်းအသုံးပြုသည့် “Khin Moe Myint” Facebookအကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ အောင်ဆန်းရပ်ကွက်နေ နေလင်းအောင်သည် ၎င်းအသုံးပြုသည့် “Nay Linn Aung” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက်နေ ဖြူပြာအောင်နှင့် ပိန္နဲတောရပ်ကွက်နေ ရီရီဌေးတို့သည် ၎င်းတို့အသုံးပြုသည့် “Phyu Pyar Aung” Facebookအကောင့်နှင့် “Ye Ye Htay” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်နေ ခင်သန်းမြင့်သည် ၎င်းအသုံးပြုသည့် “Khin Than Myint” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် ကျွန်းသစ်၊ လူသုံးကုန်၊ စားသောက်ကုန်၊ စက်သုံးဆီ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင် ၂၀ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က ကုန်တင်ယာဉ်တစ်စီးကို တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ထားခြင်း ရှိ/မရှိ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ဖြစ်ကြောင်း စိစစ်တွေ့ရှိသဖြင့် အဆိုပါ Dong Feng Tractor Head အမျိုးအစားကုန်တင်ယာဉ် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)** ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ **ဇူလိုင် ၂၂ ရက်တွင်** စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တန်း - ဝန်းသို - ပင်လည်ဘူးလမ်း ကျိုကြာဝန်းရပ်တွင် တရားမဝင်သယ်ဆောင်လာသော ဒီဇယ်ဆီ ဂါလန် ၁၁၁၀၀ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်အတွင်း ကျွန်းခွဲသား ၀ ဒသမ ၇၁၇၄ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၄၈၄)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြစ်ကြီးနားမြို့နယ် သတ္တုတွင်းဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇူလိုင် ၂၂ ရက်တွင်** ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၊ မခေါ်ဒီကျေးရွာအနီး၌ ဝါးဖောင်များဖြင့် တရားမဝင်ရွှေတူးဖော်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ရှန်ရှိုင်းအင်ဂျင်၊ ဂျင်ဒေါင်းအင်ဂျင်ပါဝင်သော ဖြုန်းစုပ်စက်တပ်ဆင်ထားသည့် ဝါးဖောင် ၁၂ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကိုလည်းကောင်း၊ **ဇူလိုင် ၂၃ ရက်တွင်** မြစ်ကြီးနားမြို့နယ် လဘန်ရိုဇာနာကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဝါးဖောင်များဖြင့် တရားမဝင် ရွှေတူးဖော်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ရွှေတူးဖော်ရာတွင် အသုံးပြုသော အင်ဂျင်တစ်လုံးစီပါ ဝါးဖောင်နှင့် သံဖောင်ငါးခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဇူလိုင် ၂၃ ရက်တွင်** မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မော်လမြိုင်မြို့နယ်မှူးဦးစီးသော အကောက်ခွန်လှုပ်ရှားကင်းအဖွဲ့က မုဒုံမြို့နယ် ကျွန်းရွာကျေးရွာအနီး ရှောင်တခင်ကင်းလှည့်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားသုံးဆူမှ မုဒုံသို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဓာတ်မြေဩဇာအိတ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော NISSAN CONDOR MK 25A အမျိုးအစားကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို လည်းကောင်း၊ မော်လမြိုင်မြို့ အတ္တရံတံတားအနီး ညောင်ပင်ဆိပ်ရွာ၌ မြဝတီမြို့မှ မော်လမြိုင်သို့မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၉၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း (ဝဲပုံ) **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၄၉၉၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၀ ရက်၊ ၂၂ ရက် နှင့် ၂၃ ရက်များတွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၅၇၂၄၈၄)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**
မံစီမြို့နယ်၊ မြဝတီမြို့၊ စစ်တွေမြို့၊ ကွတ်ခိုင်မြို့နှင့် နောင်ချိုမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မံစီမြို့နယ် မံသာကျေးရွာအုပ်စု မံရကျေးရွာအနီး ဟန်ထက်-မံသာသွားကားလမ်းတွင် မခင်ညွန့်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀ နှင့် ဘိန်းစိမ်း သုည ဒသမ ၅၅ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ရေပူလမ်းတွင် ရပ်တန့်ထားသည့် HONDA STEP WGN အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဆန္ဒကျော် (ခ) သားကြီး (ခ) ဝတုတ်၊ မနော်ဖောဘွန်း (ခ) အနော နှင့် မသီတာထွန်းတို့ကိုတွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့ ကသဲရပ်ကွက် မဏိပူရလမ်းရှိ မချိုမာခိုင်(ခ) ယာယီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၇၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချခိုင်းသူ ဦးခင်မောင်ကို စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက် ဗောဓိလမ်း အမှတ် B/17 ရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ ယင်းနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့ အမှတ်(၂)ရပ်ကွက်ရှိ တည်းခိုခန်းရှေ့တွင် ညီခမ်း (ခ) ညီလာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး မန္တလေး-လားရှိုးသွားကားလမ်းတွင် ဆိုင်းဒူ (ခ) မာနောင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့နယ် ပေါ်ကြိုကျေးရွာ မိုးနေကြာ စံပြစိုက်ခင်း၌ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ လက်တွေ့ဆောင်ရွက်

**သီပေါ ဇူလိုင် ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီး၍ ပေါ်ကြိုကျေးရွာ မိုးနေကြာ (ဆင်းရွှေကြာ-၂)မျိုးစေ့ထုတ် စံပြစိုက်ခင်း၌ ယနေ့နံနက်ပိုင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှ တောင်သူများအား ကွင်းသရုပ်ပြပွဲနှင့် တောင်သူပညာပေးသင်တန်း ကျင်းပသည်။**(အောက်ပုံ)**

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ် ဦးစီးမှူး ဦးမောင်မောင်အေးက ဆီထွက်သီးနှံနေကြာစိုက်ပျိုးခြင်းဖြင့် ဒေသအတွင်း စားသုံးဆီ ဖူလုံလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိရေးအတွက် စိုက်ပျိုးရေးဌာနမှလည်း သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောက်မဲခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းတင်စိုးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးတို့က နေကြာစိုက်ပျိုးခြင်းဖြင့် တောင်သူများ လက်တွေ့အကျိုးခံစားရပုံများကို လည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မြင့်နွယ်နှင့် သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်ချောစုထွေးတို့က တောင်သူများအား စိုက်ပျိုးနည်းပညာရပ်များကို လည်းကောင်း လက်တွေ့ပြသပြီး ဒေသခံတောင်သူများ မေးမြန်းဆွေးနွေးမှုကို ဖြေကြားကာ စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

**အဝါရောင်အဆင့်**

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

**လိမ္မော်ရောင်အဆင့်**

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ ပြောင်းလဲမှုကို အထူးသတိထား စောင့်ကြည့်နိုင်ရန်။

**အနီရောင်အဆင့်**

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

**အညိုရောင်အဆင့်**

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ် ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

**အစိမ်းရောင်အဆင့်**

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအား ပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

# စိုက်ပျိုးရေးသိပ္ပံ(ဟဲဟိုး၊ ဒီမော့ဆို) ကျောင်းသား ကျောင်းသူများ ညောင်ရွှေငါးလုပ်ငန်းစခန်းသို့ လာရောက်လေ့လာ

**ရန်ကုန် ဇူလိုင် ၂၄**

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံ(ဟဲဟိုး၊ ဒီမော့ဆို)ကျောင်းတို့ ပူးပေါင်း၍ တတိယနှစ်ကျောင်းသား ကျောင်းသူများက ညောင်ရွှေငါးလုပ်ငန်းစခန်းတွင် ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုများကို ဇူလိုင် ၂၃ ရက်က ကွင်းဆင်း လေ့လာသည်။

ကွင်းဆင်းလေ့လာရာတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသော်ထွန်းဦးက ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဘေးအန္တရာယ်ကင်းစင်သော ငါးရိက္ခာများရရှိရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ရွှေငါးလုပ်ငန်းစခန်း တာဝန်ခံဒေါ်မိမိခိုင်က ငါးလုပ်ငန်းစခန်းတွင် ငါးသားဖောက်ထုတ်လုပ် ပြုစုမျိုးစိုက်ထည့်ခဲ့မှုများနှင့်ပတ်သက်၍ လက်တွေ့ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။ အုပ်ချုပ်သူ ဆရာ ဆရာမ ၁၀ ဦး အပါအဝင် တတိယနှစ်ကျောင်းသား ကျောင်းသူ ၁၃၁ ဦး စုစုပေါင်း ၁၄၁ ဦး လာရောက်လေ့လာကြောင်း သိရသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားနည်းနေမည်

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားနည်းနေမည်။

မုတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၅ ဒသမ ၅၅ လက်မ၊ ဇန်းမော်မြို့တွင် ၄ ဒသမ ၃၃ လက်မ၊ ကျိုက်မရောမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၉၅ လက်မ၊ တကောင်းမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ ပေါက်တောမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ တောင်ကြီးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ပုဏ္ဏားကျွန်းမြို့တွင် ၁ ဒသမ ၉၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## သေဒဏ်ကျခံရမည့် အကျဉ်းသား(၄)ဦးအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြစ်ဒဏ်စီရင်ဆောင်ရွက်ပြီးစီး

**နေပြည်တော် ဇူလိုင် ၂၄**

